အောက်ကျင်းကျေးရွာ

ဟသ်ာတမြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း

# (၂၀၂၁-၂၀၂၅)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

အောက်ကျင်းကျေးရွာ၊ဟသ်ာတမြို့နယ်

(သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှကူညီရေးဆွဲသည်)

၂၀၂၁ခုနှစ်၊ ဖေဖော်ဝါရီလ

မာတိကာ ၂
စကားချီး ၆
အောက်ကျင်းကျေးရွာအရင်းအမြစ်ပြမြေပုံ၊ ဟသံ်ာတမြို့နယ် ၈
အောက်ကျင်းကျေးရွာ ရာသီခွင်ပြ ပြက္ခဒိန်၊ ဟသံ်ာတမြို့နယ် ၉
အောက်ကျင်းကျေးရွာ အဖွဲ့အစည်းပြပုံ၊ ဟသံ်ာတမြို့နယ် ၁၀

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်**

(၁) နိဒါန်း– ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၁၁
(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်းဖော်ပြချက်
( ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု
(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၁၃
(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား
( ခ) သဘာဝအရင်းအမြစ်များ
(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ ၁၃
(က) လူဦးရေဆိုင်ရာ အချက်အလက်များ
( ခ) စီးပွားရေးအခြေအနေ– ဝင်ငွေပိုင်ဆိုင်မှုနှင့် မမျှတမှု
(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှုများ
(ဃ) ကျန်းမာရေးနှင့် အာဟာရ
( င) ပညာရေးနှင့် ကျွမ်းကျင်မှုများ
( စ) ကျားမဆိုင်ရာ ဆက်နွယ်မှု
(၄) ကဏ္ဍအသီးသီး၏ လက်ရှိဖွံ့ဖြိုးမှုအခြေအနေ ၁၅
(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်
( ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ
(ဂ) စိုက်ပျိုး၊မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ
(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု
(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု
(စ) ပညာရေး၊ ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး
(ဆ) လူငယ်နှင့်ယဉ်ကျေးမှု
(ဇ) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး
(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၈
(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊
(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ၊
(၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ ၂၁
(၇) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ ၂၂
(၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့် အချိန်ကာလ ၂၄
(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်
( ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကို အခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း
(ဂ) ဦးစားပေးစီမံချက်များ
(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ
(၉) ဘတ်ဂျတ်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ် ၂၈
(၁၀) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ ၃၀
(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ
( ခ) ဖွံ့ဖြိုးရေး မိတ်ဖက်အဖွဲ့အစည်းများ
(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ
(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအမံများ
(၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း ၃၁
(က) ကြီးကြပ်စစ်ဆေးခြင်း
(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း
(ဂ) နည်းပညာဆိုင်ရာ အကူအညီ
နောက်ဆက်တွဲ(၁) ကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှုအခြေပြဇယား ၃၄
နောက်ဆက်တွဲ(၂) ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကော်မတီဝင်များစာရင်း ၃၆
နောက်ဆက်တွဲ(၃) စီမံကိန်းဇယားများ ၃၇
ဇယား ၁ လူဦးရေ နှင့် လူဦးရေဆိုင်ရာ အချက်အလက်များ
ဇယား ၂ လုပ်သား အင်အား နှင့် ဝင်ငွေရ လုပ်ငန်း အမျိုးအစား
ဇယား ၃ လုပ်ငန်းနှင့်ကျား/မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခနှုန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု
ဇယား ၅ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ
ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ
ဇယား ၇ ဆင်းရဲသော အိမ်ထောင်စုများ၏ ဝမ်းစာဖူလုံမှုအခြေအနေ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ
ဇယား ၁၁ ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံအထွက်နှုန်းတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုး/မွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာ
နှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းအရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များစီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်
အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတတ်နှုန်း

ဇယား ၃၂ စာသင်ကျောင်းအခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော(၁၂)လအတွင်းကာကွယ်ဆေးထိုးနှံမှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိမှု
ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား/မ ရေးရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှု
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များနှင့် ဝန်ဆောင်မှုများ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေများ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်ဆိုင်ရာနည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေးအခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေးဝန်ဆောင်မှုအထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ
ကိုးကားစာရင်း ၉၀

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းသည် ၂၀၂၀-၂၀၂၁ ဘဏ္ဍာရေးနှစ်မှ ၂၀၂၄-၂၀၂၅ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ အောက်ကျင်းကျေးရွာ၏ ကျေးရွာသူ/ ကျေးရွာသားများ ပါဝင်ရေးဆွဲထားသည့် ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံကိန်းဖြစ်မြောက်ရေးအတွက် လိုအပ်သောနည်းပညာများပံ့ပိုးပေးသည့် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသောအချက်အလက်များနှင့်အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသောကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သက်ဆိုင်ရာဝန်ထမ်းများကိုလည်း အထူးပင်ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင် ရပ်ရွာတိုးတက်ရေးလုပ်ငန်းများကို ယခင်ကာလများက စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်းလူထုအများဖြင့် စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့်လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင်စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေးကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးခဲ့ပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်းအချက်အလက်တို့၏အရေးပါမှုကို သိရှိရုံသာမကကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သောနေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာ ပံ့ပိုးမှုတို့ကို မြို့နယ်အဆင့်ဌာနဆိုင်ရာများမှ ရယူပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအတွက် သက်ဆိုင်ရာ မြို့နယ်ဦးစီးဌာနများနှင့်အတူတကွ ချိတ်ဆက်လုပ်ဆောင်ရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာနားလည်သိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသော အစီအစဉ်သည် လက်ရှိကာလအတွင်းရရှိသည့်အချက်အလက်များကိုသာ အားပြုထားသော်လည်း နောင်ကာလများတွင် ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤစီမံကိန်းတွင်ပါဝင်သောလုပ်ငန်းများသည် ဆက်လက်လုပ်ဆောင်သွားရမည့် လုပ်ငန်းစဉ်များဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်ပြီးစီးမှု၊ ပေါ်ပေါက်လာမည့်အခက်အခဲများ၊ ရွေးချယ်မှုများနှင့်လုပ်ငန်းအစီအစဉ်များကို အခြေအနေကာလပေါ်မူတည်၍ ပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရန်လည်း လိုအပ်နေပါမည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများစုစည်းဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ဟသ်ာတမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ဟသ်ာတမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မြို့နယ်အဆင့်အစိုးရဌာနများ၏အကြံပြုချက်များနှင့် ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟု ကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍နောင်တွင်လည်း ကျွန်ုပ်တို့ ကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်ပါဝင်ပါသည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်းအစီအစဉ်များ၊ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့် ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

ဖေဖော်ဝါရီလ ၂၀၂၁ ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောက်ကျင်းကျေးရွာ

ဟသ်ာတမြို့နယ်

# လယ်တီကျေးရွာအုပ်စု၊ အောက်ကျင်းကျေးရွာ၊ သယံဇာတပြမြေပုံ



## အောက်ကျင်းကျေးရွာ ရာသီခွင်ပြပြက္ခဒိန်မြေပုံ၊ ဟင်္သာတမြို့နယ်

| စဉ် | အကြောင်းအရာ | တန်ခူး | ကဆုန် | နယုန် | ဝါဆို | ဝါခေါင် | တော်သလင်း | သီတင်းကျွတ် | တန်ဆောင်မုန်း | နတ်တော် | ပြာသို | တပို့တွဲ | တပေါင်း |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ရာသီဥတုအခြေအနေ |  |  |  |  |  |  |  |  |  |  |  |  |
| ၂ | လယ်/ယာစိုက်ပျိုးရေး | မြေပြင် | ထွန်စက်ခွဲ | စပါးကျဲ | ဓာတ်မြေဩဇာ | ဆေးဖျန်း | ဆေးဖျန်း | စပါးရိတ်သိမ်း | မတ်ပဲစိုက် | ပိုးသတ်ဆေးဖျန်း | အသီးအပွင့်ဆေးဖျန်း | ပဲနှုတ် | ပဲသိမ်း |
| ၃ | အသုံးစရိတ် | နည်း | များ | များ | များ | များ | နည်း | များ | များ | နည်း | နည်း | များ | များ |
| ၄ | ချေးငွေလိုအပ်မှု | နည်း | နည်း | များ | နည်း | နည်း | နည်း | များ | နည်း | နည်း | နည်း | နည်း | နည်း |
| ၅ | ဝမ်းစာဖူလုံမှု | ရှိ | မျှတ | ရှိ | နည်း | နည်း | မျှတ | ရှိ | ရှိ | နည်း | နည်း | ရှိ | ရှိ |
| ၆ | သောက်သုံးရေဖူလုံမှု | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၇ | တိရစ္ဆာန်အစာ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ | ရှိ |
| ၈ | တိရစ္ဆာန်ရောဂါဖြစ်ပွားမှု | နည်း | နည်း | များ | များ | နည်း | ခွာနာလျာနာ | နည်း | နည်း | မရှိ | မရှိ | များ | နည်း |
| ၉ | ပွဲတော် | သင်္ကြန်ပွဲ | ညောင်ရေသွန်းပွဲ | မရှိ | မရှိ | မရှိ | မရှိ | မီးထွန်းပွဲ | ကထိန်ပွဲ | မရှိ | မရှိ | မရှိ | မရှိ |
| ၁၀ | သဘာဝဘေးအန္တရာယ် | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ | မရှိ |

ဟသႆာတမြို့နယ်၊ လယ်တီကျေးရွာအုပ်စု၊ အောက်ကျင်းကျေးရွာအဖွဲ့အစည်းပြမြေပုံ



## အပိုင်း(က)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းစဉ်

### (၁) နိဒါန်း-ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု

#### (က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာ ဖွံ့ဖြိုးရေး စီမံကိန်းများ ရေးဆွဲအကောင်အထည်ဖော်မည့်အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူထုကိုယ်တိုင်တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေး အတွေ့ အကြုံမရှိခဲ့ပါ။ ဤအစီအစဉ်ရေးဆွဲပြီးနောက် ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက် များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာ များစသည်တို့ထံမှ လိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက်များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင် အထည်ဖော်ရန်လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့် အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုးဖြစ် စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင်ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊စီမံချက်များကို ရှင်းရှင်း လင်းလင်းဖော်ပြထားပါသည်။ ထို့ပြင်ဦးစားပေးလုပ်ငန်းများလုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေး ရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သောအစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက် လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေး အဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူမှန်သမျှတို့သည် ဤအစီအစဉ် မှတ်တမ်း၏အသုံးဝင်မှုများကို သိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကို စုစည်း ဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည်ဖြစ်ပါသည်။ ပုဂ္ဂလိကကဏ္ဍအဖွဲ့များ အတွက်အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့်အသေး စားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့်အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ကျေးလက်လူထု၏တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကို စီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့ အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်းဆောင်ရွက်မှုပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများ ပြုလာနိုင်ပါမည်။

### (ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ ကိုယ်တိုင် တတ်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှရနိုင်မည့်အကူအညီများကို အခြေခံကာ ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ ယခုအခါယင်းသို့မဟုတ်ဘဲကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင်ဖြင့် ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့်လုပ်ကိုင်နည်းဖြစ်သောကြောင့်လူတိုင်းပါဝင်ခွင့်ရရှိပြီး အမြင်ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင်လူထုကို အဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့်လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာအခက်အခဲများရှိနိုင်ပါသည်။ သို့ဖြစ်၍လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအား အများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက်ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏စွမ်းရည်နှင့် လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှုပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့်အစီအစဉ်မျိုး ဖြစ်ပါသည်။

## (၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့် သဘာဝအရင်းအမြစ်များ

### (က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင်အနေအထား

ဟသ်ာတမြို့နယ်သည် မြန်မာနိုင်ငံ၏ အောက်ပိုင်းတွင် တည်ရှိ၍ ဧရာဝတီတိုင်းဒေသကြီး၊ ဟသ်ာတ ခရိုင်တွင် တည်ရှိပါသည်။ ဟသ်ာတမြို့နယ်သည် မြောက်လတ္တီတွဒ် ၁၇ ဒီဂရီ ၁၅ မိနစ်နှင့် ၁၇ ဒီဂရီ ၅၀ မိနစ် ကြား၊ အရှေ့လောင်ဂျီတွဒ် ၉၅ ဒီဂရီ ၁၀မိနစ်နှင့် ၉၅ဒီဂရီ ၃၅မိနစ်ကြားတွင် တည်ရှိပြီး အကျယ်အဝန်းမှာ (၃၇၈.၆၅ )စတုရန်းမိုင် ကျယ်ဝန်းပါသည်။

ဟသ်ာတမြို့နယ်သည် အရှေ့ဘက်တွင် ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့နယ်၊ အရှေ့ တောင်ဘက်တွင် ဇလွန်မြို့နယ်၊ တောင်ဘက်တွင် ကျုံပျော်မြို့နှင့် ဓနုဖြူမြို့နယ်၊ အနောက်မြောက် ဘက်တွင် အင်္ဂပူမြို့နယ်တို့နှင့် နယ်နိမိတ်ချင်း ထိစပ်လျှက်ရှိပါသည်။

ဟသ်ာတမြို့နယ်သည် မြစ်ဝကျွန်းပေါ်ဒေသဖြစ်သောကြောင့် မိုးရွာသွန်းမှုများသောဒေသ ဖြစ်ပါသည်။ ဟသ်ာတမြို့နယ်သည် သမမျှတသောရာသီဥတုရှိပြီး အမြင့်ဆုံးအပူချိန်(၄၂.၈ ̊C) ရှိပြီး အနိမ့်ဆုံးအပူချိန်မှာ (၂၇ ̊C) ဖြစ်ပါသည်။ တစ်နှစ်ပျှမ်းမျှမိုးရွာရက်(၁၀၈)ရက်ရှိပြီး ပျှမ်းမျှမိုးရေချိန် (၉၃.၉၇)လက်မဖြစ်ပါသည်။ မိုးအများဆုံးရွာသွန်းသောလမှာ ဇူလိုင်လနှင့်ဩဂုတ်လများဖြစ်ပါသည်။

အောက်ကျင်းကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသဖြစ်ပါသည်။ လယ်တီကျေးရွာအုပ်စု တွင်ပါဝင်ပါသည်။ ဟသ်ာတမြို့နယ်နှင့်(၁)မိုင် ကွာဝေးပါသည်။ ပတ်ဝန်းကျင်ကျေးရွာများမှာ ဒသမြောင်ကျေး ရွာ၊ သခွတ်ကွင်းကျေးရွာ၊ လယ်တီကျေးရွာတို့ဖြစ်ပါသည်။ အောက်ကျင်းကျေးရွာသည် လယ်ယာလုပ်ငန်းနှင့် အရောင်းအဝယ်လုပ်ငန်းတို့ကို အဓိကထား လုပ်ကိုင်သော ဒေသတစ်ခုလည်းဖြစ်ပါသည်။ အခြားလုပ်ငန်းများ ကိုလည်း အနည်းငယ်လုပ်ကိုင်သော ဒေသတစ်ခုဖြစ်ပါသည်။

### (ခ) သဘာဝအရင်းအမြစ်များ

အောက်ကျင်းကျေးရွာတွင် ဓာတ်သတ္တုဆိုင်ရာသဘာဝအရင်းအမြစ်များ ထွက်ရှိမှုမရှိပါ။ သို့သော်လည်း ဆေးဖက်ဝင်အပင်များဖြစ်သည့် ကြယ်ပဲပင်၊ ဆေးဂမုန်းမြစ်များနှင့် ခွေးလျှာသီးပင်နက်စသည်တို့ ပေါက်ရောက် သည့်ဒေသတစ်ခုလည်းဖြစ်ပါသည်။ လယ်မြေနှင့်ခြံမြေများ အသင့်အတင့်ရှိကာ မြေပြန့်ဒေသဖြစ်၍ မြေဆီလွှာ အသင့်အတင့် ကောင်းမွန်ပါသည်။ တောင်သူအားလုံးမှာ မိုးရေကို အဓိကအားထား၍ လယ်မြေ(၉၆)ကေကို စိုက်ပျိုးပါသည်။ အောက်ကျင်းကျေးရွာတွင် စပါးနှင့်မတ်ပဲများကို အဓိကထား စိုက်ပျိုးပါသည်။

## (၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အောက်ကျင်းကျေးရွာတွင် အိမ်ထောင်စု(၉၃)စုရှိပြီး လူဦးရေစုစုပေါင်း(၃၀၉)ဦးရှိပါသည်။ ပျှမ်းမျှ တစ်အိမ် ထောင်လျှင် (၃.၃၂)ဦးနှုန်းခန့်ရှိသောကြောင့် ကျေးလက်အိမ်ထောင်စု၏ အမျိုးသားအဆင့် ပျှမ်းမျှတစ်အိမ်ထောင်

လျှင် (၅)ဦးနှုန်းထက်လျော့နည်းနေပါသည်။ အသက်(၁၅ နှစ်မှ ၆၄ နှစ်)အထိ အလုပ်လုပ်နိုင်သောလူဦးရေမှာ (၇၁%)ခန့်ရှိပြီး (၁၅)နှစ်အောက်လူဦးရေနှင့်အသက်(၆၄)နှစ်အထက် လူဦးရေစုစုပေါင်း(၂၉%)ခန့်သည် မှီခိုသူများ ဖြစ်ကြပါသည်။ ကျေးရွာအတွင်း အလုပ်လုပ်နိုင်သော လူဦးရေများပြားမှုကြောင့် လူသားအရင်းအမြစ်ကောင်းများ အဖြစ် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် ထောက်ပံ့မှုပေးနိုင်ပါသည်။

**(ခ) စီးပွားရေးအခြေအနေ-ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု**

ကျေးရွာသူ/ကျေးရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်သော ဥစ္စာဓနအဆင့်ခွဲခြားမှုနည်းလမ်းအရ ကျေးရွာအိမ်ထောင်စု၏ (၃၅%)မှာ ဆင်းရဲသားအိမ်ထောင်စုများ ဖြစ်ကြပါသည်။ အဆင်ပြေသော အိမ်ထောင်စုမှာ (၁၂)စုရှိပြီး လယ်(၄)ကေအထက်ပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။ အိမ်အနေအထားမှာလည်း တိုက်ခံ၊သွပ်မိုး၊ ပျဉ်ထောင်၊ပျဉ်ခင်းဖြစ်ပြီး လယ်ယာသုံးကိရိယာများနှင့် နွားစသည်တို့ကို ပိုင်ဆိုင်ကြပါသည်။ အလယ်အလတ် အိမ်ထောင်စုများမှာ (၄၈)စုရှိပြီး လယ်(၁)ကေအထက်ပိုင်ဆိုင်ကြကာ ပျဉ်ခင်း၊ ထရံကာ၊သွပ်မိုးသည့် အိမ်အမျိုးအစားများဖြင့် နေထိုင်ကြပါသည်။ လယ်ယာသုံးကိရိယာများ အနည်းငယ်နှင့် ကြက်၊ဘဲ၊ဝက်များကို တစ်နိုင်တစ်ပိုင်မွေးမြူကြပါသည်။ တစ်နှစ်ဝင်ငွေမှာ မများပြားသော်လည်း အကြွေးတင်ရှိမှုမှာ အနည်းငယ် ရှိပါသည်။ ဆင်းရဲသော အိမ်ထောင်စု(၆)စု ရှိပြီး လယ်ယာမြေ ပိုင်ဆိုင်မှု မရှိပါ။ အိမ်အခြေအနေမှာ ဝါး၊ ထရံကာ၊ သွပ်မိုးအိမ်များဖြင့် နေထိုင်ကြပါသည်။ အလွန်ဆင်းရဲသော အိမ်ထောင်စုများမှာ (၂၇) အိမ်ဖြစ်ပြီး မြေယာမပိုင်ဆိုင်သူများ ဖြစ်ကြပါသည်။

**(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု**

အောက်ကျင်းကျေးရွာတွင် ဆင်းရဲနွမ်းပါးသောအိမ်ထောင်စု(၇၃)စုရှိသည့်အနက် (၂၃)ရာခိုင်နှုန်းမှာ (၃)လအောက်ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင် စားသောက်နိုင်ပြီး၊ (၂၃)ရာခိုင်နှုန်းမှာ(၃-၆)လအထိ ဝမ်းစာဖူလုံမှုရှိ၍ ချေးငှားခြင်းမပြုဘဲ ထမင်းပုံမှန်/နပ်မှန်အောင်စားသောက်နိုင်ပါသည်။ ၎င်းတို့သည် လုပ်အားခကြိုယူခြင်း၊ ငွေတိုးချေးစားသူများထံမှ ချေးယူခြင်းအပြင် အခြားဒေသသို့ သွားရောက်လုပ်ကိုင်သော မိသားစုဝင်များထံမှ ပြန်ပို့ငွေတို့ဖြင့် စားနပ်ရိက္ခာဖူလုံရေး ဖြေရှင်းနေကြရပါသည်။ ငွေကြေးအရင်းအနှီးမဖူလုံသော ဆင်းရဲသောတောင်သူများအဖို့ ထိခိုက်မှုများ ရှိနိုင်ပါသည်။ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာလျှင် ကျေးရွာတွင် နေထိုင်သော အိမ်ထောင်စုအချို့မှာ အခက်အခဲကြုံတွေ့ရနိုင်ပါသည်။

**(ဃ)ကျန်းမာရေးနှင့်အာဟာရ**

ကျန်းမာရေးအတွက်တစ်ခုခုဖြစ်ပွားပါက ဟသ်ာတမြို့ေါ်ရှိ ဆေးရုံ/ဆေးခန်းသို့ အလွယ်တကူ သွားရောက်ပြသကြပါသည်။ ကျေးရွာတွင် အဝီစိတွင်း(စက်တပ်) (၃)တွင်း၊ အဝီစိတွင်း(တုံကင်) (၆၀)တွင်းရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိသော်လည်း သန့်ရှင်းသော သောက်သုံးရေရရှိခြင်း မရှိပါ။ အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များရှိကြသည်။ ကျေးရွာတွင် ရွာသားအများစုသည် သာမန်အားဖြင့် ကျန်းမာရေး ကောင်းမွန်ကြပြီး အာဟာရပြည့်ဝမှု ရှိကြပါသည်။ ကလေးငယ်အများစုလည်း ကျန်းမာကြပါသည်။

### (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

အောက်ကျင်းကျေးရွာအခြေခံပညာမူလတန်းကျောင်းတွင် ကျေးရွာမှ ကျောင်းသား/ကျောင်းသူ(၁၉)ဦးခန့် နှင့် အနီးပတ်ဝန်းကျင်မှ ကျောင်းသား၊ ကျောင်းသူ(၇၆)ဦး၊ စုစုပေါင်း(၉၅)ဦးခန့် တက်ရောက်ကြပါသည်။ ကျောင်းအကျိုးတော်ဆောင်များနှင့် ကျောင်းသားမိဘများ အားလုံးသည် တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ကြ ပါသည်။ ကျေးရွာသူ၊ ကျေးရွာသားများတွင် ဘွဲ့ရသူဦးရေ နည်းပါးပါသည်။

ကျေးရွာရှိ လယ်မြေများတွင် မိုးရာသီစပါးနှင့် ဆောင်းရာသီတွင် ပဲတို့ကို နှစ်သီးစား စိုက်ပျိုးကြပါသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်းနှင့် စားပင်သောက်ပင်သီးနှံအနည်းငယ်ကို စိုက်ပျိုးကြပါသည်။ နွား၊ဝက်၊ကြက်၊ဘဲ မွေးမြူခြင်းစသည်တို့ကို တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ ကိုယ်ပိုင်လယ်ယာမြေမရှိသော အိမ်ထောင်စုများ အနေဖြင့် လယ်ယာလုပ်ငန်းတွင် ကျပန်းလုပ်သားများအဖြစ် ဝင်ရောက်လုပ်ကိုင်ကြပါသည်။ ပန်းရံ၊လက်သမား၊ ကယ်ရီ၊ဆောက်လုပ်ရေးအစရှိသည့် လုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။

### (စ) ကျားမဆိုင်ရာဆက်နွယ်မှု

အောက်ကျင်းကျေးရွာတွင် အလုပ်လုပ်နိုင်သော အမျိုးသမီးလူဦးရေမှာ အမျိုးသားလူဦးရေထက် အနည်း ငယ်များပါသည်။ စပါးစိုက်ချိန်နှင့် စပါးသိမ်းချိန်တို့တွင် အမျိုးသားတစ်ဦးလျှင် (၅၀၀၀)ကျပ်မှ (၃၀၀၀) ကျပ်ရရှိပြီး အမျိုးသမီးတစ်ဦးလျှင် (၄၀၀၀)ကျပ်မှ (၂၀၀၀) ကျပ်ခန့်ရရှိကြပါသည်။ ကျေးရွာ၏ စာတက်မြောက်မှုတွင်လည်း ပညာရေးအဆင့်အလိုက်တွင် အမျိုးသား/အမျိုးသမီးလူဦးရေမှာ မျှတပါသည်။ ကျေးရွာအတွင်းရှိ ဖွံ့ဖြိုးရေး ဆောင်ရွက် နေသော အဖွဲ့အစည်းများတွင် အမျိုးသမီးများ တက်ကြွစွာ ပါဝင်ကြပါသည်။ သို့သော်ကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆုံးဖြတ်ပိုင်ခွင့်များတွင် အမျိုးသမီးများ၏အခန်း ကဏ္ဍမှာ အနည်းငယ်အားနည်း နေဆဲဖြစ်ပါသည်။

## (၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေ

ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးမှုအနေအထားကို သိရှိခြင်းအားဖြင့် နိုင်ငံတော်နှင့် ဒေသဆိုင်ရာအဖွဲ့အစည်း များ၏ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ ချမှတ်အကောင်အထည်ဖော်ရာတွင် ပိုမိုကောင်းမွန်စေရန်များစွာ အထောက် အကူပြုနိုင်ပါသည်။

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူငယ်အဖွဲ့နှင့် အရန်မီးသတ်အဖွဲ့တို့သည် ကျေးရွာ၏သာရေး နာရေးကိစ္စရပ်များကို ကျေးရွာအုပ်ချုပ်ရေးအဖွဲ့နှင့်ပူးပေါင်းကာ ဆောင်ရွက်နေကြပါသည်။ ယခုအခါတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဦးဆောင်ပြီး ကျေးရွာဖွံ့ဖြိုးရေးကော်မတီကို ကျေးရွာသူ/သားများ ကိုယ်တိုင်ပူးပေါင်းပါဝင်ရွေးချယ်ဖွဲ့စည်းခဲ့ကြပါသည်။ ဤကော်မတီသည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင် သောဦးစားပေးလုပ်ငန်းများအား သက်ဆိုင်ရာဦးစီးဌာနများ၊ ပြင်ပအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာရှိ လယ်သမားများသည် စပါးနှင့်မတ်ပဲတို့ကိုသာ အဓိကစိုက်ပျိုးကြပြီး စိုက်ဧက(၉၆)ဧက စိုက်ပျိုးကြပါသည်။ စိုက်ခင်းအားလုံးသည် အစေ့ချစနစ်တို့ကို ကျင့်သုံးကြပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှပံ့ပိုးသောချေးငွေမှာ မြေပြင်စနစ်နှင့်စိုက်ပျိုးစရိတ်ကိုသာ အထောက်အကူပြုသော်လည်း ရာသီချိန်အမီမရရှိပါ။ ထို့ကြောင့် စိုက်ပျိုးရေးစရိတ်အတွက် (မြေပြင်ချိန်မှစ၍ ပေါင်းသတ်ခြင်း၊မြေသြဇာကျဲပတ်ချိန်အတွင်း) အရင်းအနှီးလိုအပ်ချက်အား ပြင်ပလုပ်ငန်းရှင်များနှင့် ဓာတ်မြေသြဇာအရောင်းဆိုင်များမှ အတိုးနှုန်း(၅)ကျပ်နှုန်းဖြင့် ချေးယူရပါသည်။ ဆောင်းသီးနှံတွင် ပြုပြင်ချိန်တိုတောင်းခြင်းနှင့် ရာသီချိန်တိုတောင်းခြင်းကြောင့် လယ်သမားများအားလုံးသည် ကြဲပတ်ခုတ်ဖုံးစနစ်ဖြင့်သာ အစေ့ချစနစ်ကို အသုံးပြုကြပါသည်။ ဥယျာဉ်ခြံမြေများတွင် ကွမ်းတစ်မျိုးတည်းကိုသာ အဓိကထားစိုက်ပျိုးကြပြီး သီးပင်စားပင်များကို အိမ်ထောင်စုအလိုက် စားလောက်ရုံသာစိုက်ပျိုးကြပါသည်။

အောက်ကျင်းကျေးရွာတွင် တစ်နိုင်တစ်ပိုင်မွေးမြူရေးအနည်းငယ်လုပ်ကိုင်ကြပါသည်။ နွား၊ ဝက်၊ ကြက်၊ များကို မွေးမြူကြပါသည်။ မွေးမြူရေးလုပ်ငန်းအတွက် နည်းပညာနှင့်ရောဂါကာကွယ်ထိန်းချုပ်ရန် လိုအပ်ပါသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

အောက်ကျင်းကျေးရွာတွင် စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားစီးပွားရေးလုပ်ငန်းများမှာ ပွဲရုံလုပ်ငန်း၊ ဈေးဆိုင်၊ပန်းရံ၊လက်သမားလုပ်ငန်းများကို လုပ်ကိုင်ကြပါသည်။ တစ်နေ့လျှင် အမျိုးသား(၅၅၀၀) နှင့်အမျိုးသမီး(၄၅၀၀)ခန့် ရရှိပါသည်။

### (ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

ကျေးရွာတွင် စိုက်ပျိုးရေးကိုသာ အဓိကထားလုပ်ဆောင်သော ကျေးရွာဖြစ်ပါသည်။ သို့သော် စိုက်ပျိုးရေးဆိုင်ရာ ဗဟုသုတလေ့လာမှုအားနည်းမှုများကြောင့် စိုက်ခင်းနှင့်မတ်ပဲ၊ပဲတီစိမ်း၊ရေပ်စိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တက်ခြင်းကြောင့် ပိုးသတ်ဆေးနှင့် ဓာတုမြေသြဇာသုံးစွဲမှုများပြားသဖြင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။ တောင်သူများအနေဖြင့် ဘက်စုံပိုးမွှားနှိမ်နှင်းရေးစနစ်အစား ဓာတုပိုးသတ်ဆေးများကိုသာ အသုံးပြုမှုများပြားလာသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင်လည်း ပလပ်စတစ်အိတ်ခွံ၊ ပုလင်းခွံ၊ ဗူးခွံများကို စနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများ မြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

အောက်ကျင်းကျေးရွာသည် မုန်တိုင်းဘေးအန္တရာယ်မှာ နည်းပါးသည်။ အားပျော့သော မုန်တိုင်းဝင်ရောက်မှုသာ တစ်ခါတစ်ရံကြုံတွေ့ရတက်သည်။ ဘေးကင်းလုံခြုံရေးအတွက် မည်သည့်အဖွဲ့၊ မည့်သည့်ဌာနမှ သင်တန်းပေးခြင်း၊ ကြိုတင်စီမံပေးခြင်း မရှိပါ။ သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရန်အတွက် လက်ကိုင်ဖုန်း၊ ရေဒီယို၊ တီဗွီတို့မှ သိရှိရပါသည်။ မြို့နယ်နှင့်နီးသည့်အတွက် ဒေသလုံခြုံရေးကို မြို့နယ်ရဲစခန်းမှ တာဝန်ယူဆောင်ရွက်ပါသည်။

**(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု**

ငွေချေးရန် အရင်းအမြစ်များမှာ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဖူလတန်၊ ဟောမာန်၊ စတာပါနာ၊ ပြည့်မဟာစသည့်ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းတို့ဖြစ်ပါသည်။ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ လယ်သမားများကိုသာထုတ်ချေးပြီး တစ်ကေလျှင် (၁၀၀၀၀၀) ကျပ်နှုန်း ထုတ်ချေးပေးပါသည်။ သို့သော်စိုက်ပျိုးစရိတ်များ၊ သွင်းအားစုတန်ဖိုးများ မြင့်တက်လာမှုကြောင့် မလောက်ငှာသည့်အပြင် စိုက်ပျိုးစရိတ်အချိန်မီမရရှိသဖြင့် များစွာ အခက်အခဲဖြစ်ရပါသည်။အတိုးနှုန်းမှာ (၀.၄၂)ကျပ်နှုန်းဖြစ်ပြီး လတိုးဖြစ်ပါသည်။ ထုတ်ချေးသည့်ကာလမှာ(၇)လ ဖြစ်သည်။

ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများအနေဖြင့် အဖွဲ့ဝင်ဖြစ်လျှင် ထုတ်ချေးနိုင်ပါသည်။ အဖွဲ့ဝင်ဖြစ်ရန်အတွက် (၅၀၀၀)ကျပ်စုရပါသည်။ တစ်ဦးလျှင် (၁၀၀၀၀၀)ကျပ် ထုတ်ချေးပါသည်။

**(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး**

အောက်ကျင်းကျေးရွာအတွင်း၌ အခြေခံပညာမူလတန်းကျောင်းရှိပြီး (၃၀'×၄၀')ရှိသော သစ်သားကျောင်းဆောင် နှင့် (၆၀'×၃၀')ရှိသော ကွန်ကရစ်ကျောင်းဆောင်တစ်ဆောင်ရှိပါသည်။ ကျောင်းအုပ်ဆရာမကြီး (၁)ဦး၊ လက်ထောက်ဆရာ၊ ဆရာမ(၄)ဦး၊ စုစုပေါင်း(၅)ဦး ရှိပါသည်။ ဆရာ၊တပည့်အချိုးအားဖြင့် ( ၁:၁၉)ဖြစ်ပါသည်။ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းသား/ကျောင်းသူ(၉၅)ဦး၊ ရှိပါသည်။ သောက်သုံးရေကို ကျောင်းဝင်းအတွင်းရှိ အဝီစိတွင်းမှ ခပ်ယူသုံးစွဲပါသည်။ (၂)ခန်းတွဲအိမ်သာ(၁)လုံးကလည်း ကျောင်း သူ၊ကျောင်းသားများအတွက် အဆင်ပြေလုံလောက်မှုရှိပါသည်။ ထိုင်ခုံနှင့်စာရေးခုံများ လိုအပ်လျက်ရှိပါသည်။

ကျန်းမာရေးအတွက် တစ်ခုခုဖြစ်ပွားပါက ဟင်္သာတမြို့ပေါ်ရှိ ဆေးရုံ/ဆေးခန်းများသို့ အလွယ်တကူ သွားရောက်ကုသနိုင်ပါသည်။ ကျေးရွာအတွင်း ခြံစည်းရိုးကာရံထားသော သောက်ရေတွင်း မရှိပါ။ အဝီစိတွင်းစက်တပ် (၃)လုံး၊ အဝီစိတွင်းတုံကင်(၆၀)လုံး၊ ရေတွင်း(၆)လုံးရှိသဖြင့် သောက်သုံးရေအတွက် လုံလောက်မှုရှိသော်လည်း သန့်ရှင်းသောသောက်သုံးရေရရှိရန် လိုအပ်ပါသည်။ ယင်လုံအိမ်သာသုံးစွဲသော အိမ်ထောင်စုမှာ(၉၃)အိမ်ရှိပြီး ကျန်းမာရေးအသိအမြင်များကြောင့် အိမ်တိုင်း စေ့သုံးစွဲလျှက်ရှိပါသည်။

**(ဆ) လူငယ်နှင့် ယဉ်ကျေးမှု**

လူငယ်များမှာ ကျေးရွာ၏သာရေး၊ နာရေး၊ ဘာသာရေးဆိုင်ရာပွဲလမ်းသဘင်များတွင် တက်ကြွစွာပါဝင် လှုပ်ရှားဆောင်ရွက်ကြပါသည်။ နိဗ္ဗာန်ဆော်အဖွဲ့များလည်း ရှိပါသည်။ ထူငယ်များအတွက် စာကြည့်တိုက် လိုအပ်နေပါသည်။ လူငယ်များမှာ ကျေးရွာ၏သာရေး/နာရေးလုပ်ငန်းများ၌ အားတက်သရော ပါဝင်လုပ်ကိုင်ကြသော်လည်း ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်မှုအားနည်းနေပါသည်။ ကျေးရွာမှ လူကြီးများ၏ လက်တွဲခေါ်ယူမှုမှာလည်း လိုအပ်နေပါသည်။

**(၉) အခြေခံအဆောက်အဦများ လက်လှမ်းမီမှု– လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး**

အောက်ကျင်းကျေးရွာလမ်းမှာ မြေသားလမ်းမှ ကျောက်ခင်းလမ်းအဖြစ် ကိုယ်ထူကိုယ်ထစနစ်ဖြင့် ဖောက်လုပ်ထားပြီးဖြစ်ပါသည်။ သယ်ယူပို့ဆောင်ရေးကဏ္ဍတွင် ကုန်းလမ်းကိုသာ အသုံးပြုကြပါသည်။ စက်ဘီး (၆၁)စီး၊ ဆိုင်ကယ်(၅၃)စီး၊ ထော်လာဂျီ(၃)စီး ရှိပါသည်။

ကျေးရွာတွင် မီးအလင်းရောင်အတွက် ဆိုလာမီးနှင့်ဘက်ထရီမီးတို့ကို အသုံးပြုကြပြီး မဟာဓာတ်အား လိုင်းနှင့် (၁)မိုင်ခန့်သာ ကွာဝေးသောကြောင့် လျှပ်စစ်မီးလင်းရေးဆောင်ရွက်ရန် ကျေးရွာမှ စိတ်အားထက်သန်နေကြပါသည်။ ကျေးရွာတွင် Oredoo၊ MPT၊Telenor ဆက်သွယ်ရေးဖုန်းလိုင်းများကို ဆက်သွယ် အသုံးပြု နိုင်ပါသည်။

**(၁၀) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး**

ကျေးရွာအတွင်း အိမ်ထောင်စုများသည် မိသားစုပမာခင်မင်ရင်းနှီးစွာ နေထိုင်တက်သော ဓလေ့ရှိကြသဖြင့် ပြဿနာကြီးကြီးမားမားဖြစ်လေ့မရှိပါ။ဘာသာရေးခေါင်းဆောင်များ၏ ဆုံးမမှု၊ လူကြီးသူမများ၏ ကြီးကြပ်မှုဖြင့် အေးချမ်းသာယာစွာ နေထိုင်ကြပါသည်။ အခြားအမှုအခင်းဖြစ်ပွားခြင်း လုံးဝမရှိပါ။

**(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ**

**(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ**

**(၁) စိုက်ပျိုးရေး**

အောက်ကျင်းကျေးရွာအနေဖြင့် စိုက်ပျိုးရေးအတွက် အခြေအနေကောင်းများမှာ သဘာဝ ရေမြေရာသီဥတုအနေအထားနှင့် လယ်ယာမြေများအား အသင့်အတင့် အသုံးချနိုင်ခြင်း၊ သီးနှံမျိုးစေ့များကို ဝယ်ယူ၍ရနိုင်ခြင်း၊ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြားဓာတုဗေဒသွင်းအားစုများ အလွယ်တကူဝယ်ယူရရှိနိုင်ခြင်း၊ လုပ်အားအသင့်အတင့်ရရှိနိုင်ခြင်း၊ စိုက်ပျိုးသီးနှံများအား ရောင်းချရန် ဈေးကွက်ရှိခြင်း၊ စိုက်ပျိုးရေးသုံးကိရိယာများအား ပိုင်ဆိုင်ခြင်းတို့ဖြစ်ပါသည်။

**(၂) မွေးမြူရေး**

အောက်ကျင်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခြေအနေကောင်းများမှာ ရေခံမြေခံကောင်းမွန်ခြင်း၊ မျိုးကောင်းမျိုးသန့်များ အသင့်အတင့် ဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူသော တိရစ္ဆာန်များအတွက် လိုအပ်သောသွင်းအားစုများကိုဝယ်ယူရရှိနိုင်ခြင်း၊ မွေးမြူထားသော ထုတ်ကုန်များ ရောင်းချရန်ဈေးကွက်ရှိခြင်းတို့ဖြစ်ပါသည်။

**(၃) ပညာရေး**

အောက်ကျင်းကျေးရွာအနေဖြင့် ပညာရေးအတွက်အခြေအနေကောင်းများမှာ ကျေးရွာ အတွင်း မူလတန်းကျောင်းရှိခြင်း၊ ဆရာ/ဆရာမအင်အား လုံလောက်မှုရှိခြင်း၊ ကျေးရွာနှင့်

မြို့နယ်မှာ (၁)မိုင်ခန့်သာကွာဝေးသည်ဖြစ်ရာ မြို့ပေါ်ရှိ အထက်တန်းကျောင်းများသို့ တက်ရောက်နိုင်ခြင်းတို့ဖြစ်ပါသည်။

**(၄) ကျန်းမာရေး**

အောက်ကျင်းကျေးရွာအနေဖြင့် ကျန်းမာရေးအတွက် အခြေအနေကောင်းများမှာ ကျေးရွာအတွင်း ကျေးလက်ကျန်းမာရေးဌာနမရှိသော်လည်း မြို့ပေါ်ရှိဆေးရုံ/ဆေးခန်းများသို့ အလွယ်တကူသွားရောက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

အောက်ကျင်းကျေးရွာတွင် အလုပ်လုပ်နိုင်သောလူဦးရေစုစုပေါင်းမှာ (၂၁၈)ဦးရှိပြီး ကျေးရွာလူဦးရေ၏ (၇၀%) ရှိပါသည်။ ထို့အပြင် တက္ကသိုလ်ဘွဲ့ရဦးရေအနည်းငယ်ရှိသောကြောင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် လူ့စွမ်းအားအရင်းအမြစ်များ ရှိနေပါသည်။ လူကြီး၊လူငယ်လက်တွဲပြီး ကောင်းမွန်စွာ တိုင်ပင်ညှိနှိုင်းလုပ်ဆောင်ကြသော အလေ့အထကောင်းများကလည်း အနာဂတ်ကာလအတွက် အားရဖွယ်ရာပင်ဖြစ်သည်။

အောက်ကျင်းကျေးရွာတွင် စပါး၊ မတ်ပဲနှင့် ကွမ်းတို့ကို စိုက်ပျိုးထုတ်လုပ်နိုင်သည်။ ရောင်းချချိန်တွင် သီးနှံဈေးနှုန်းမကောင်းသောကြောင့် မိမိလုပ်အားခပြန်ရရုံထုတ်လုပ်မှုအဆင့်သာရှိသော်လည်း လယ်သမားမိသားစုများနှင့် ကျပန်းလုပ်ငန်းများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ၊ စပါး၊ မတ်ပဲနှင့် ကွမ်း ရောင်းဝယ်ဖောက်ကားမှု၊ ထုတ်လုပ်မှုလုပ်ငန်းအဆင့်ဆင့်များတွင် ကျေးရွာသူ/သားများအတွက် ဝင်ငွေနှင့်စားနပ်ရိက္ခာကို အတန်အသင့်ဖူလုံစေသည်ဟု ဆိုရမည်ဖြစ်ပါသည်။

စိုက်ပျိုးရေးလုပ်ငန်းများဖြင့် အိမ်ထောင်စုအများစုမှာ အသက်မွေးမှုပြုကြသဖြင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှ ထုတ်ချေးသောချေးငွေကိုထုတ်ယူနိုင်ခြင်း၊ ပုဂ္ဂလိကချေးငွေအဖွဲ့အစည်းများနှင့် လက်လှမ်းမီသည့်အတွက်ကြောင့် မိမိတို့အသက်မွေးဝမ်းကျောင်းလုပ်ငန်းများအတွက် သင့်တော်သောရင်းနှီးငွေ ပမာဏအား ရရှိနိုင်ပါသည်။

အောက်ကျင်းကျေးရွာရှိ မူလတန်းကျောင်းမှ ကျောင်းသား/သူများအတွက် သင့်တော်လုံလောက်မှုရှိသည့်အပြင် မိဘ/ဆရာအသင်းသည် စုစည်းတက်ကြွစွာဖြင့် လိုအပ်ချက်များကို ပူးပေါင်းဆောင်ရွက်နိုင်သောကြောင့် မူလတန်းအဆင့်ပညာရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ ၎င်းအပြင် မြို့ပေါ်ရှိကျောင်းများနှင့်လည်း အလှမ်းမဝေးသဖြင့် နေ့ချင်းပြန်ကျောင်းတက်နိုင်သည်ဖြစ်ရာ ကုန်ကျစရိတ်နည်းပါးစွာဖြင့် ပညာတက်လူငယ်လူရွယ်များ ထွက်ပေါ် လာနိုင်မည်ဖြစ်ပါသည်။

ဟသ်ာတမြို့နယ်ဆေးရုံနှင့် (၃)မိုင်ခန့်သာကွာဝေးသည်ဖြစ်သောကြောင့် ကျန်းမာရေးစောင့်ရှောက်မှုများအား ရယူနိုင်သည့် ကျေးရွာတစ်ရွာဖြစ်ပါသည်။

ကျေးရွာတွင် လူငယ်များအနေဖြင့် သာရေး၊နာရေး၊ ဘာသာရေးတို့တွင် တက်ကြွစွာပါဝင်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း တက်ကြွစွာပါဝင်ကြပါသည်။ ဘာသာရေးခေါင်းဆောင်များနှင့် လူကြီးလူမများ၏ ဆုံးမမှုများကြောင့် မူခင်းများဖြစ်ပွားမှု မရှိခြင်းကလည်း ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အခွင့်အလမ်းတစ်ရပ်ဖြစ်သည်။

### (ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့်စိန်ခေါ်မှုများ

အောက်ကျင်းကျေးရွာတွင် ဖွံ့ဖြိုးရေးဆောင်ရွက်နေသောအဖွဲ့များရှိသော်လည်း အုပ်ချုပ်ရေးကဏ္ဍမှလွဲ၍ အဖွဲ့တစ်ခုနှင့်တစ်ခုချိတ်ဆက်ဆောင်ရွက်ခြင်းနှင့် လုပ်ဆောင်ချက်များတွင် အားနည်းမှုများရှိပါသည်။

### (၁) စိုက်ပျိုးရေး

အောက်ကျင်းကျေးရွာတွင် စပါးအထွက်တိုးနည်းပညာများကို နည်းပညာဝန်ဆောင်မှုအဖွဲ့များထံမှ ရရှိနိုင်သော်လည်း လိုအပ်သောသွင်းအားစုများကို အချိန်မီထည့်သွင်းနိုင်မှု မရှိခြင်းကြောင့် အကျိုးရလဒ်ကို အထင်အရှားမမြင်ရနိုင်၍ နည်းပညာ ပြန့်ပွားကျင့်သုံးမှုနှင့် တောင်သူအားလုံးအကျိုးအမြတ်ဖြစ်ထွန်းလာစေရန် များစွာအချိန်ယူရအုံး မည်ဖြစ်ပါသည်။

### (၂) မွေးမြူရေး

အောက်ကျင်းကျေးရွာအနေဖြင့် မွေးမြူရေးလုပ်ငန်းအတွက် အခက်အခဲများမှာ လုံလောက်သောအရင်းအနှီးမရှိခြင်း၊ မွေးမြူရေးအတွက် မြေနေရာအလုံအလောက်မရှိခြင်း၊ စားကျက်မြေရှားပါးခြင်း၊ သွင်းအားစုများ ဝယ်ယူရာတွင် ဈေးနှုန်းကြီးမြင့်နေခြင်း၊ ကုန်ထုတ်လမ်းမရှိသဖြင့် အရောင်းအဝယ်ဈေးနှုန်းနိမ့်ကျခြင်းနှင့် မွေးမြူထားသောထုတ်ကုန်များကို ရောင်းချရာတွင် ဈေးကောင်းမရရှိခြင်းတို့ဖြစ်ပါသည်။

### (၃) ပညာရေး

ပညာရေးအတွက် အခက်အခဲမှာ မိမိတို့ကျေးရွာရှိ မူလတန်းကျောင်းတွင် အားကစားကွင်းမရှိခြင်း၊ အလယ်တန်း၊အထက်တန်းပညာရေးအတွက် ဆင်းရဲသောမိသားစုများမှာ ကျောင်းစရိတ်အားမတက်နိုင်ခြင်းတို့ဖြစ်ပါသည်။

### (၄) ကျန်းမာရေး

အောက်ကျင်းကျေးရွာအနေဖြင့် ကျန်းမာရေးအတွက်အခက်အခဲများမှာ ဆေးရုံ/ဆေးခန်းများနှင့် (၃)မိုင်သာကွာဝေးသော်လည်း ဆင်းရဲသောမိသားစုများမှာ ငွေကြေးမတက်နိုင်ခြင်းတို့ ဖြစ်ပါသည်။

စိုက်ပျိုးရေး၊ မွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ လုပ်ကိုင်ကြသော မိသားစုများမှာ အသက်မွေးဝမ်းကျောင်းပညာများတက်မြောက်မှုအားနည်းခြင်း၊ အလုပ်အကိုင်အခွင့်အလမ်းများ အတွက် နီးစပ်ရာကျေးရွာများ၊ ကုန်ကြမ်းမှ ကုန်ချောထုတ်လုပ်ရန် နည်းပညာများ မသိရှိကြခြင်း၊ ရင်းနှီးလုပ်ကိုင်ရန်အတွက် လိုအပ်သည့်အချိန်တွင် လိုအပ်သလောက် ချေးငွေရရှိရန် အကန့်အသတ်များရှိခြင်း၊ လျှပ်စစ်မီးမရရှိခြင်းစသည်တို့ကလည်း လိုအပ်ချက်များ ရှိနေဆဲဖြစ်ပါသည်။

အောက်ကျင်းကျေးရွာတွင် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ ပုဂ္ဂလိကငွေကြေးအဖွဲ့အစည်းများမှာလည်း ချေးငွေများ ရရှိသော်လည်း တင်းကြပ်သောချေးငွေစည်းမျဉ်းစည်းကမ်းများနှင့် ချေးငွေကာလတိုတောင်းခြင်းများသည် တောင်သူများအတွက် အကျိုးအမြတ်ဖြစ်ထွန်းရန် အဟန့်အတားများဖြစ်နေဆဲဖြစ်ပါသည်။

ကျေးရွာ၏ဓလေ့မှာ လူကြီးများသာ ခေါင်းဆောင်တင်မြှောက်ရန် စဉ်းစားလေ့ရှိသဖြင့် ခေါင်းဆောင်မှု အပိုင်းတွင် စိတ်ပါဝင်စားမှုရှိသော်လည်း လူငယ်များမှာ နောက်ကျန်နေကြရသည်။ လူငယ်များအနေဖြင့် အင်တာနက်မှတဆင့် သတင်းအချက်အလက်များကို ရယူနိုင်သော်လည်း ကျေးရွာဖွံ့ဖြိုးရေးနှင့် ဆက်စပ်သော မိမိတို့၏ အတွေ့အကြုံများကို ပြန်လည်အသုံးချမှုနှင့် ခေါင်းဆောင်မှုစွမ်းရည်၊ ဖွံ့ဖြိုးရေး သဘောတရားများကို သဘောပေါက်နားလည်မှု အားနည်းကြသည်မှာ အနာဂတ်ကျေးရွာဖွံ့ဖြိုးရေး အတွက် အဟန့်အတားဖြစ်ပါသည်။

## (၆) ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့် မဟာဗျူဟာ

ကျွန်ုပ်တို့ အောက်ကျင်းကျေးရွာ၏ ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်မှာ ယေဘုယျအားဖြင့် လူမှု စီးပွားဘဝဖွံ့ဖြိုးတိုးတက်သာယာရေးဖြစ်ပါသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ကွင်းဆင်းအဖွဲ့ဖြင့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းများရေးဆွဲကြသောအခါ လူထုပူးပေါင်းဖော်ထုတ်သော နည်းလမ်းဖြင့် အဆိုပါရည်မှန်းချက်ပန်းတိုင်နှင့် ပန်းတိုင်ရောက်ရှိရေး အကောင်အထည်ဖော်မည့် နည်းဗျူဟာ များကို ဆွေးနွေးဖော်ထုတ်ခဲ့ကြပါသည်။

### (က) ရည်မှန်းချက်ပန်းတိုင်

ကျေးလက်ဒေသဖွံ့ဖြိုးရေးပန်းတိုင်များတွင် ကျေးရွာသူကျေးရွာသားများဝင်ငွေတိုးတက်ရေး၊ တစ်ဦး ချင်းစွမ်းရည်တိုးတက်ရေးတို့အပြင်ပညာရေးကို အလေးထားပြီး ကလေးများနှင့် လူငယ်များအတွက် လူသားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်စေမည့် ရည်မှန်းချက်များကိုလည်း (၂၀၂၁ခုနှစ်မှ၂၀၂၅ခုနှစ်)အတွင်း အောင်မြင်စွာအကောင်အထည်ဖော်နိုင်ရေးအတွက် အောက်ပါအတိုင်းရိုးရှင်းစွာချမှတ်ထားပါသည်။

(၁) ရွာလူထုသည်လမ်းပန်းဆက်သွယ်ရေးကောင်းမွန်စေရန်နှင့် ကျေးရွာမီးလင်းရေးဆောင်ရွက် ပြီး လူနေမှုအဆင့်အတန်းမြင့်မားလာရမည်။

(၂) ရွာလူထုသည် စိုက်ပျိုးရေးဖြင့် ထုတ်ကုန်တိုးမြှင့်ထုတ်လုပ်ခြင်းအား တိုးတက်လုပ်ကိုင် နိုင်ခြင်းဖြင့် ဝင်ငွေတိုးတက်စေရမည်။

(၃) လူငယ်များအား ပညာတတ်မြောက်မှုကို ပိုမိုတိုးတက်စေခြင်းနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကျွမ်းကျင်မှုရှိစေပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်လာစေပြီး စီးပွားရာဖွေနိုင်စွမ်းနှင့် ဝင်ငွေတိုးမြင့်လာစေရမည်။

### (ခ) နည်းဗျူဟာ

လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များနှင့် စီမံကိန်းများကို အောက် ဖော်ပြပါ အကောင်အထည်ဖော်ရေး နည်းဗျူဟာများကျင့်သုံး၍ စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ၏ဖွံ့ဖြိုးရေးရည်မှန်းချက်များကို ရောက်ရှိမည်ဟုယုံကြည်ပါသည်။

(၁) ကျေးရွာမီးလင်းရေးအတွက် လျှပ်စစ်ဓါတ်အားလိုင်းနှင့်ချိတ်ဆက်ရန်အတွက် သက်ဆိုင် ရာဌာနသို့ တင်ပြထားခြင်း၊ မီးလင်းရေးကော်မတီ ဖွဲ့စည်းခြင်း၊ ငွေကြေးများကို ကြိုတင် စုဆောင်းထားခြင်းများကို အရေးတကြီး ဆောင်ရွက်ရန် လိုအပ်ပါသည်။

(၂) ကျေးရွာတွင်းလမ်းများနှင့် ချဉ်းကပ်လမ်းများအား အဆင့်မြှင့်တင်ခြင်းများအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး ကျေးရွာလူထုလုပ်အား ပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။ ထို့ပြင်ကျေးရွာတွင်း ကုန်စည်စီးဆင်းမှုအဆင်ပြေစေရန်အတွက် ကုန်ထုတ်လမ်းများကိုသက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ကာ ဆောင်ရွက်သွားပါမည်။

(၃) ကျေးရွာအတွင်းရှိ တံတားများ ခိုင်ခံမှုရှိစေရန်အတွက် သက်ဆိုင်ရာ ဦးစီးဌာနများ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

(၄) ကျေးရွာအတွင်းရှိလူငယ်များ၏ အသိပညာ/ဗဟုသုတများ ရရှိစေရန်နှင့် လူငယ်များ ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် စာကြည့်တိုက်များ တည်ဆောက်သွားပါမည်။

(၅) ကျေးရွာအတွင်းရှိ သန့်ရှင်းသော သောက်သုံးရေရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများ၊ အကူအညီပေးမည့်အဖွဲ့အစည်းများနှင့် ချိတ်ဆက်ပြီး လူထုပေါင်းစပ်ကာ လုပ်ဆောင်သွားပါမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသောချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရ ဤအခန်းကို ပြုစုဖော်ပြထားပါသည်။ ဖော်ပြပါအဖွဲ့အစည်းများသည် ကျွန်ုပ်တို့ကျေးရွာ၏လိုအပ်ချက်များအား နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့် ထိုမှတဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို အကြံပြုဖော်ထုတ်ပေးနိုင်ခဲ့ကြပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့် ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲနိုင်ရန် နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်း ရေရှည်တည်တံ့သည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်ုပ်တို့ကျေးရွာသူကျေးရွာသားများ ကိုယ်တိုင်အားထုတ်လုပ်ကိုင်မှုများကို ပြန်လည်စိစစ်ခြင်းနှင့်ရွေးချယ်ခဲ့သောဦးစားပေးစီမံချက်များအား အချိန်မှန်ပြန်လည်သုံးသပ်၍ ပြုပြင်ရေးဆွဲခြင်းစသည်တို့ဆောင်ရွက်နိုင်ရန်အကူအညီများဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

### (ခ) ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများ

အောက်ကျင်းကျေးရွာလူထု၏ လိုအပ်ချက်တစ်ရပ်တွင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အခြားဝင်ငွေရလုပ်ငန်းများအတွက် လုံလောက်သောချေးငွေများရရှိမှုကလည်း အဓိကဖြစ်ပါသည်။ ကျေးရွာများတွင် ချေးငွေထုတ်ချေးပေးနေသော မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်အနေဖြင့် ဆောင်းသီးနှံ(ကာလတိုချေးငွေ) တစ်ခုတည်းကိုသာ ဦးစားပေးဆောင်ရွက်ပေးနေသောကြောင့် အခြားသီးနှံစိုက်ပျိုးသူတောင်သူများအတွက်

လိုအပ်ချက်များရှိနေဆဲဖြစ်ပါသည်။ တောင်သူ အများစုသည် ကာလရှည်ချေးငွေထုတ်ချေးပေးနိုင်သော ငွေကြေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်လုပ်ဆောင်လိုကြသည်။ ကျေးရွာသူ/သားများ လိုအပ်သော ချေးငွေများထုတ်ချေးပေးနိုင်ရန် ငွေကြေးဝန်ဆောင်မှုလုပ်ငန်းဆိုင်ရာ သတ်မှတ်ချက်များကို လျှော့ချပြီး ဒေသလိုအပ်ချက်နှင့်အညီ ပြောင်းလဲသင့်ပါသည်။

**(ဂ) အသက်မွေးဝမ်းကြောင်းဆိုင်ရာနည်းပညာနှင့်ဈေးကွက်အတွက် အထောက်အပံ့များဖြည့်းဆည်း ပေးခြင်း**

အောက်ကျင်းကျေးရွာ၏ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိန်ခေါ်ချက်တစ်ရပ်မှာ စိုက်ပျိုးထုတ်လုပ်သူများ၏ဈေးကွက်ဆိုင်ရာသဘောသဘာဝသိရှိမှုအားနည်းခြင်းနှင့် အရည်အသွေးကောင်းမွန်သောထုတ်ကုန်များရရှိရေးအတွက် ခေတ်မီသောနည်းပညာများ လိုအပ်ခြင်းပင်ဖြစ်သည်။ ဟသ်ာတမြို့နှင့် (၁)မိုင်ခန့်သာကွာဝေးသည်ဖြစ်ရာ ရာသီမရွေး သွားလာနိုင်ခြင်း၊ သယ်ယူပို့ဆောင်ရေးယာဉ်များရှိခြင်း စသည့် အားသာချက်ကို အမှီပြု၍ ဒေသထွက်ကုန်များကို သင့်တော်သော ဈေးနှုန်းဖြင့် ရောင်းချရန် ဈေးကွက်သဘောတရားများကို နားလည်အောင်ရှင်းပြပေးနိုင်မည့် မြို့နယ်အဆင့်မှ စိုက်ပျိုးရေးဦးစီးဌာန၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနနှင့် အခြားသက်ဆိုင်ရာဦးစီးဌာနများ၊ ကုလသမဂ္ဂအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော နိုင်ငံတကာအဖွဲ့အစည်းများ၏ ပူးပေါင်းလမ်းပြဖေးမမှုများ ကလည်း အရေးပါလှပါသည်။

ထို့အပြင် အသက်မွေးဝမ်းကျောင်းဆိုင်ရာနည်းပညာပေးသင်တန်းများ စီစဉ်ပေးခြင်းဖြင့် အသက်မွေးဝမ်းကျောင်းအခွင့်အလမ်းများကို ဖန်တီးပေးရုံသာမက၊ ကျေးရွာများအလိုက် ပြောင်းလဲလုပ်ကိုင်ရန် လိုအပ်သောလုပ်ငန်းများ၊ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဝန်ဆောင်မှု လုပ်ငန်းများ စသည်တို့အတွက် လိုအပ်သောကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများဖြင့် ချိတ်ဆက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာဦးစီးဌာနများ၊ အဖွဲ့အစည်းများအနေဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန်စွာ တိုးတက်လာစေပါမည်။

ကျွန်ုပ်တို့ကျေးရွာတွင် ဒေသထွက်ကုန်ကြမ်းများကိုသာ ရောင်းချမည့်အစားအရည်အသွေးရှိသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများဆောင်ရွက်ခြင်းကလည်း ကျေးရွာရှိလူသားအရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံ သာမကဒေသတွင်း တစ်နိုင်တစ်ပိုင် အသေးစားလုပ်ငန်းများတိုးတက်လာစေနိုင်သောကြောင့် ကျေးရွာ၏ဝင်ငွေရရှိမှုမြင့်မားလာခြင်း၊ အခြားဒေသများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ပြန်လာ၍ လုပ်ကိုင်နိုင်မည့်အခွင့်အလမ်းများတိုးတက်လာစေပြီး မိသားစုများ ပေါင်းစည်းနေထိုင်လုပ်ကိုင်နိုင်ခြင်းစသည်ဖြင့် ဒေသအတွင်းစားနပ်ရိက္ခာဖူလုံမှုတိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့်ဆင်းရဲမှုလျှော့နည်းစေရေးကို အထောက်အကူပြုနိုင်ပေမည်။

### (၈) ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့အကောင်အထည်ပေါ်စေနိုင်မည့် နည်းဗျူဟာများ အဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိလုပ်ကိုင်ဆောင်ရွက်ရမည်ဖြစ်ပါသည်။ စီမံကိန်း (၅)နှစ်တာကာလ ကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင်ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေး လိုအပ်ချက်များအဖြစ် မရှိမဖြစ်လိုအပ်ပါသည်။

#### (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုသည် (၅)နှစ်တာကာလအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည်။ ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည်မဟုတ်သေးပေ။ သို့ဖြစ်ပါ၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု(၂-၃)နှစ်ကျော်လာချိန်တွင် စီမံကိန်း(၅)နှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ဆိုးရွားသော သဘာဝဘေးအန္တရာယ်သက်ရောက်မှုများမရှိခဲ့လျှင် (၅)နှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည်မဟုတ်သော်လည်း စီမံကိန်း (၅)နှစ်တာအတွင်း ထပ်တိုးစီမံကိန်းများ ရှိလာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည်နှစ်အလိုက် ဘဏ္ဍာရေးနှစ်ငွေကြေးစီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊အစီအစဉ်နှင့်စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရလွယ်ကူစေရန် ဦးတည်ပါသည်။ ဒေသတွင်းဖြစ်ပေါ်လာသောဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့(၅)နှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

#### (ခ) ကဏ္ဍနှင့် ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအား ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များခွဲခြမ်းသုံးသပ်ရာတွင် များစွာအထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာနများ၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံချက်များကို သိရှိနားလည်ရန် အထောက်အကူပြုပါသည်။ (Economic classification) သည် စီမံချက်များ၏အကျိုးရလဒ်ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

**(၁) ကဏ္ဍကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း(Functional classification)**

ဆောင်ရွက်မည့်စီမံချက်ဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ-စိုက်ပျိုးရေး၊ လျှပ်စစ်ကဏ္ဍစသည်)၊ (ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည်စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

(၂) **ရင်းနှီးမြုပ်နှံမှုအမျိုးအစားကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း(Economic classification)**

စီမံချက်ဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှုဖြစ်သည်ကို ဖော်ပြခြင်းဖြစ်ပါသည်။

- သာမန်အသုံးစရိတ်(Current Expenditure) ဥပမာ–လစာ၊ နေ့တွက်စရိတ်၊ လုပ်ငန်းလည်ပတ်စရိတ်၊ ငှားရမ်းခစသည်များ
- ငွေလုံးငွေရင်းအသုံးစရိတ်(Capital Expenditure) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြုပ်နှံမှုများ
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်(Capacity Buliding Expenditure) ဥပမာ–ဆွေးနွေးပွဲ၊သင်တန်းစသည့်အသုံးစရိတ်
- လူသားချင်းစာနာမှုအထောက်အပံ့(Humaniltarian support )

**(ဂ) ဦးစားပေးစီမံချက်များ**

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင် အုပ်စုဖွဲ့ဆွေးနွေးမှုများမှကျေးရွာတွင် ဆောင်ရွက်သင့်သည့်လုပ်ငန်းခေါင်းစဉ်များ ထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက်တက်ရောက်သူ ကျေးရွာသူ၊ ကျေးရွာသားအုပ်စု(၅)စုထဲမှ (၁ဝ)ဦးကဦးစားပေးရမည့်စီမံချက်များကို အမှတ်ပေးရပါမည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာအထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့်အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။

ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးအတွက်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်များမှာ–

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံချက် | ရမှတ်<br>ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ<br>အဆောက်အဦ** | ၁။ ကျေးရွာတွင်း လျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း၊ | ၁၀၀ | ၁ | • မဟာဓါတ်အားလိုင်းနှင့်အနီးတွင်ရှိခြင်း၊<br>• ရန်ပုံငွေနှင့်အခြားအထောက်အပံ့ရရှိအောင် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်ခြင်း၊<br>• ကျေးရွာမှ လျှပ်စစ်မီးရရှိရန် စိတ်အားထက်သန်သဖြင့် ပြည်သူ့ထည့်ဝင်ငွေ စုဆောင်းနိုင်ခြင်း၊ | ကျေးလက်/<br>သက်ဆိုင်ရာ<br>ဦးစီးဌာန |
| **အခြေခံ<br>အဆောက်အဦ** | ၂။ သောက်ရေသန့်ရေရှိရေး စက်ရေတွင်း တူးဖော်ခြင်း | ၉၀ | ၂ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• မြေနေရာရှိခြင်း၊<br>• လုပ်ငန်းသုံးပစ္စည်းများသယ်ယူရန် အခက်အခဲမရှိခြင်း၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/<br>သက်ဆိုင်ရာ<br>ဦးစီးဌာန |
| **အခြေခံ<br>အဆောက်အဦ** | ၃။ကျေးရွာအဝင် တံတားပြင်ဆင် တည်ဆောက်ခြင်း | ၈၀ | ၃ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကို ဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/<br>သက်ဆိုင်ရာ<br>ဦးစီးဌာန |

| ကဏ္ဍ/<br>အကြောင်းအရာ | စီမံချက် | ရမှတ်<br>ပေါင်း | အဆင့် | စီမံချက်အခွင့်အလမ်းနှင့်ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *အုပ်ချုပ်ရေးကဏ္ဍ* | | | | | |
| **အခြေခံ<br>အဆောက်အဦ** | ၄။ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၇၀ | ၄ | • သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်၍ရန်ပုံငွေရရှိအောင်ဆောင်ရွက်ခြင်း၊<br>• ထိန်းသိမ်းစောင့်ရှောက်ရေးအဖွဲ့ ဖွဲ့စည်းနိုင်ခြင်း ၊<br>• ကျောက်၊သဲ၊ဘိလပ်မြေစသည်တို့ကို ဝယ်ယူရနိုင်ခြင်း ၊<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/<br>သက်ဆိုင်ရာ<br>ဦးစီးဌာန |
| **အခြေခံ<br>အဆောက်အဦ** | ၅။ စာကြည့်တိုက်တည်ဆောက်ခြင်း | ၆၀ | ၅ | • မြေနေရာရှိခြင်း<br>• အသိပညာရှင်များနည်းပေးလမ်းညွှန်မှုများ ရရှိနိုင်ခြင်း<br>• ကျေးရွာစည်းလုံးညီညွတ်ခြင်းနှင့်လုပ်အားပါဝင်ဆောင်ရွက်နိုင်ခြင်း၊ | ကျေးလက်/<br>သက်ဆိုင်ရာ<br>ဦးစီးဌာန |

### (ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထု၏ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်းဆောင်ရွက်ချက်များအား အခြေခံ၍ ရေးဆွဲထားပါသည်။ ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းကာလများကို နှစ်စဉ်ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်းကာလအပိုင်းအခြားများကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

| စဉ် | စီမံချက်(Project) | ဦးစားပေးအဆင့် | ၂၀၂၁ | ၂၀၂၂ | ၂၀၂၃ | ၂၀၂၄ | ၂၀၂၅ |
|---|---|---|---|---|---|---|---|
| ၁။ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး ဆောင်ရွက်ခြင်း၊ | ၁ | ✔ | | | | |
| ၂။ | သောက်ရေသန့်ရေရှိရေး စက်ရေတွင်းတူးဖော်ခြင်း | ၂ | | ✔ | | | |
| ၃။ | ကျေးရွာအဝင်တံတားပြင်ဆင်တည်ဆောက်ခြင်း | ၃ | | | ✔ | | |
| ၄။ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | ၄ | | | | ✔ | |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | ၅ | | | | | ✔ |

## ၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် စီမံကိန်းတွင် ပါဝင်သော အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းများအတွက် ဦးစားပေးဆောင်ရွက်မည့်လုပ်ငန်းများကို ဖော်ထုတ်ပြီး ဖြစ်ပါသည်။ စီမံကိန်းများနှင့်ဆိုင်သောအကြောင်းအရာများကို လုပ်ငန်းတစ်ခုချင်းစီအလိုက် အသေးစိတ်ဖော်ပြထားပါသည်။ ၎င်းထဲတွင်စီမံချက်၏ရည်ရွယ်ချက်၊အကျိုးခံစားသူဦးရေ၊ အကောင်အထည်ဖော်ဆောင်ရွက်မည့်ပုံစံနှင့် အစီအစဉ်၊ စီမံချက်အကောင်အထည်ဖော်ဆောင်ရွက်မည့်ကာလ၊ အခြေခံအဆောက်အဦကို ပြုပြင်ထိန်းသိမ်းမည့် ဘတ်ဂျက်နှင့် ငွေရေးကြေးရေး အစီအစဉ်များ ပါဝင်ပါသည်။

အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝရရှိရန် လိုအပ်ပါသည်။ စီမံချက်များအကောင်အထည်ဖော်ဆောင်ရွက်ရန် ဦးစားပေးသတ်မှတ်ရာတွင် ဘတ်ဂျက်၊ ငွေကြေးရရှိနိုင်မှုအပေါ် အခြေခံပြီး နှစ်စဉ်ပြုပြင်ပြောင်းလဲနိုင်သည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊အခြားအရေးပေါ်ကိစ္စရပ်များနှင့် အစိုးရဘတ်ဂျတ်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ ကျေးရွာလူထုမှ ငါးနှစ်တာကာလအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေး

ရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည် ဖော်ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များအတွက် ပြင်ဆင်ရမည်ဖြစ်သည်။

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက်ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ (indicative)အဖြစ် ကိုးကားရန်ပမာဏသာဖြစ်ပါသည်။ အမှန်တကယ်လိုအပ်သောဘတ်ဂျက် ပမာဏ တွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ယင်းသို့ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊အဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များထံမှ နည်းပညာအကူအညီများ ရရှိရန်လည်း လိုအပ်ပါသည်။

ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏတွင် ကျေးရွာလူထု၏ ငွေသားမဟုတ်သော ထည့်ဝင်မှုများကို ထည့်သွင်းဖော်ပြထားခြင်း မရှိပါ။(ငွေသားမဟုတ်သာထည့်ဝင်မှု၊ ဥပမာ–လုပ်အား၊ သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

**စီမံချက်ဘတ်ဂျက်**

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံး စရိတ် | ငွေလုံးငွေရင်း အသုံးစရိတ် | | လူသားချင်း စာနာမှု ဆိုင်ရာ ထောက်ပံ့မှု |
| | | | | ငွေလုံး ငွေရင်း အသုံး စရိတ် | စွမ်းဆောင် ရည်မြှင့် တင်ရေး | |
| ၁။ | ကျေးရွာတွင်းလျှပ်စစ်မီးလင်းရေး ဆောင် ရွက်ခြင်း၊ | ၁၃၀ | | ✔ | | |
| ၂။ | သောက်ရေသန့်ရေရှိရေး စက်ရေတွင်း တူးဖော်ခြင်း | – | | ✔ | | |
| ၃။ | ကျေးရွာအဝင်တံတားပြင်ဆင်တည် ဆောက်ခြင်း | – | | ✔ | | |
| ၄။ | ကျေးရွာတွင်းလမ်း ကွန်ကရစ်ခင်းခြင်း | – | | ✔ | | |
| ၅။ | စာကြည့်တိုက်တည်ဆောက်ခြင်း | – | | ✔ | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုက ဦးဆောင်အကောင်ထည်ဖော်မည်ဖြစ်သဖြင့် လုပ်ငန်းအောင်မြင်ရေးနှင့် ရည်မှန်းချက်များသို့ ရောက်ရှိရေးမှာ ကျေးရွာတွင် တာဝန်ရှိပါသည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင်ပါဝင်သော စီမံကိန်းလုပ်ငန်းများကိုအထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာစီမံကိန်းများဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ–မိဘဆရာအသင်းသည် ကျေးရွာမူလတန်းကျောင်း၏ ပညာရေးအရည် အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမားအဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်းဖြစ်ပါသည်။

### (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သော အကူအညီများရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ–မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှုအရည်အသွေး တိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့်ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

### (ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်းတွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ၊
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန် တာဝန်

မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

**(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအမံများ**

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များ ထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခ ကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ကို ဆောင်ရွက် မည်။ ထို့အပြင်တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများ သတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အား တာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေး အတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

## (၁၁) စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

အောက်ကျင်းကျေးရွာ၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသော နည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ် သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများတက်ကြွစွာအတူ ပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သောအဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

### (၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်းဆိုင်ရာ တိုးတက်မှု (physical progress)နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ်အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်း

လုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏စီစဉ်မှုဖြင့် သက်ဆိုင်ရာစီမံကိန်းလုပ်ငန်းအလိုက်တာဝန်ယူဆောင်ရွက်နေသော အဖွဲ့အသီးသီး၊ကော်မတီအသီးသီးတို့က မိမိတို့တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်းအချက်အလက်များ (Baseline)ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏တိုးတက်မှုကို တိုင်းတာမည့်အညွှန်းကိန်း(indicator)များဖြစ်ပါမည်။ (၃)လပတ်ကုန်ဆုံးချိန် တိုင်းတွင်ကော်မတီနှင့်အဖွဲ့အသီးသီးသည် ၎င်းတို့၏ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ(monitoring report)ကို ရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့်ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။(၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ်ဦးတည်ပါမည်။

**(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု( Physical progress)**

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

**(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)**

- ငွေသားနှင့်ငွေသားမဟုတ်သော အရင်းအနှီးလိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလလျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင် ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့်ငွေသားမဟုတ်သောအရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်သော အစီရင်ခံစာတွင် အခက်အခဲနှင့်ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့်အစီအစဉ်များ၊ လိုအပ်သောအကူအညီအထောက်အပံ့များစသည်တို့ပါဝင်ပါမည်။

**(ခ ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ပွဲ**

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ရည်ရွယ်ချက်မှာ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏တိုးတက်မှုအခြေအနေများကို အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်းဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ–

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့၊
- မြို့နယ်အုပ်ချုပ်ရေးနှင့်အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)
- ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများနှင့်သက်ဆိုင်သော မြို့နယ်ဦးစီးမှူးများ၊
- သတင်းမီဒီယာများ၊
- ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ(ဥပမာ–မြို့နယ်အတွင်းရှိ NGO)စသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင်သက်ဆိုင်သူများထံမှ အကြံပြုချက်၊သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်းရရှိပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

**(ဂ) နည်းပညာဆိုင်ရာအကူအညီ**

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့်စီမံဆောင်ရွက်စဉ်အစကနဦးကာလတွင် အချိန်ပိုင်း အလိုက်လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာအကူအညီများကို မြို့နယ်အဖွဲ့ အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

# ဟသ်ာတမြို့နယ်၊ လယ်တီကျေးရွာအုပ်စု၊ အောက်ကျင်းကျေးရွာ၏ ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှုအခြေပြဇယား

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေ ကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများ |
|---|---|---|---|---|---|---|
| ၁။ | မဟာဓါတ်အားလိုင်းနှင့် (၁)မိုင်သာဝေးကွာသော်လည်း လျှပ်စစ်မီးမရရှိခြင်း | • ရန်ပုံငွေနည်းပါးခြင်း<br>• ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း<br>• ကုန်ကျစရိတ် များပြားခြင်း၊ | • မဟာဓါတ်အားလိုင်းနှင့် (၂)မိုင်သာကွာဝေးခြင်း<br>• ကျေးရွာလူထုမှ လျှပ်စစ်မီးရရှိရန် စိတ်အား ထက်သန်သဖြင့် ထည့်ဝင်ငွေ ရရှိနိုင်ခြင်း | • ရန်ပုံငွေ လုံလောက်မှု မရှိခြင်း<br>• ရန်ပုံငွေမရှာဖွေတက်ခြင်း<br>• ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း<br>• ကုန်ကျစရိတ်များပြားခြင်း၊ | • ရန်ပုံငွေပမာဏများပြားရန် ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• ကျေးရွာလူထုမှ လျှပ်စစ်မီးလင်းရေးအတွက် ထည့်ဝင်ငွေများ ကြိုတင်ကောက်ခံစုဆောင်းခြင်း၊ | • ရန်ပုံငွေပမာဏများပြားရန် အတွက်ပြင်ပအလှူရှင်များနှင့်ချိတ်ဆက်ဆောင်ရွက်ရန်၊<br>• သက်ဆိုင်ရာဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်ရန်၊<br>• မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရေးဆောင်ရွက်ရန်၊ |
| ၂။ | ရေတွင်းများ ရှိသော်လည်း သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း | • ရန်ပုံငွေမရှိခြင်း<br>• ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း<br>• ကုန်ကျစရိတ်များပြားခြင်း | • လုပ်အားများ ရှိခြင်း<br>• ကျေးရွာသူ/သားများမှ လုပ်ကိုင်ရန် စိတ်ဝင်စားမှုရှိခြင်း<br>• စက်ရေတွင်းတူးဖော်ရန် အတွက် မြေနေရာပေးနိုင်ခြင်း | • သက်ဆိုင်ရာဦးစီးဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်မှုအားနည်းခြင်း | • သန့်ရှင်းရေသောက်သုံးရေရရှိရေး သက်ဆိုင်ရာဌာနနှင့် ပူးပေါင်း၍ စက်ရေတွင်းတူးဖော်ခြင်း၊ | • သန့်ရှင်းရေသောက်သုံးရေရရှိရေးသက်ဆိုင်ရာဌာနနှင့် ပူးပေါင်း၍ စက်ရေတွင်းတူးဖော်ရန်၊ |
| ၃။ | ကျေးရွာအဝင်တံတား ခိုင်ခံမှုအားနည်းခြင်း | • ရန်ပုံငွေမရှိခြင်း<br>• ပြင်ပအလှူရှင်များ မရှိခြင်း<br>• ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း | • ကျေးရွာတွင်းလုပ်အား ရှိခြင်း<br>• စိတ်ပါဝင်စားမှုရှိသော လူဦးရေ များပြားခြင်း | • ရန်ပုံငွေနည်းပါးခြင်း<br>• ရန်ပုံငွေမရှာဖွေတက်ခြင်း | • သက်ဆိုင်ရာဦးစီးဌာနများမှ ရန်ပုံငွေရရှိရေးချိတ်ဆက်ဆောင်ရွက်ခြင်း<br>• အလှူရှင်များရရှိရေးအတွက် ချိန်ဆက်ဆောင်ရွက်ခြင်း၊ | • သက်ဆိုင်ရာဦးစီးဌာနနှင့် ပြင်ပအလှူရှင်များထံမှ ရန်ပုံငွေရရှိရေးအတွက် ချိတ်ဆက်ဆောင် ရွက်ရန်၊<br>• ကျေးရွာတွင်းတံတား ပြန်လည်ပြင်ဆင် တည်ဆောက်ရန်၊ |

| စဉ် | ပြဿနာ | အကြောင်းအရင်း | အခြေအနေကောင်းများ | အဟန့်အတားနှင့် စိန်ခေါ်မှုများ | ဖြစ်နိုင်ဖွယ်ရာဖြေရှင်းမည့် နည်းလမ်းများ | အဆိုပြုဖွံ့ဖြိုးရေး လုပ်ငန်းများ |
| --- | --- | --- | --- | --- | --- | --- |
| ၄။ | မိုးရာသီတွင် ကျေးရွာတွင်း လမ်းသွားလာရ ခက်ခဲခြင်း | • ရန်ပုံငွေမရှိခြင်း<br>• ပြင်ပအလှူရှင်များ မရှိခြင်း<br>• ဌာနဆိုင်ရာများနှင့် ချိတ်ဆက်ဆောင်ရွက်မှု အားနည်းခြင်း | • ကျေးရွာတွင်းလုပ်အား ရှိခြင်း<br>• စိတ်ပါဝင်စားမှုရှိသော လူဦးရေ များပြားခြင်း | • ရန်ပုံငွေနည်းပါးခြင်း<br>• ရန်ပုံငွေမရှာဖွေတတ်ခြင်း | • သက်ဆိုင်ရာဦးစီးဌာနများမှ ရန်ပုံငွေရရှိရေးချိတ်ဆက် ဆောင်ရွက်ခြင်း၊<br>• အလှူရှင်များရရှိရေးအတွက် သက်ဆိုင်ရာဦးစီးဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်နိုင် သောအဖွဲ့အစည်းများဖွဲ့စည်း ပေးခြင်း၊<br>• လမ်းပြုပြင်ထိန်းသိမ်းရေး အဖွဲ့များ ဖွဲ့စည်းခြင်း၊ | • သက်ဆိုင်ရာဦးစီးဌာနများ မှရန်ပုံငွေရရှိရေးချိတ် ဆက် ဆောင်ရွက်ရန်၊<br>• ရန်ပုံငွေရရှိရေးနှင့် ပြင်ပ အလှူရှင်များရရှိရေး အတွက် ချိတ်ဆက်ဆောင် ရွက်နိုင်သောအဖွဲ့အစည်း များဖွဲ့စည်းပေးရန်၊<br>• လမ်းပြုပြင်ထိန်းသိမ်းရေး အဖွဲ့များဖွဲ့စည်းပေးရန်၊<br>• ကျေးရွာတွင်းလမ်း ကွန်ကရစ်လမ်းခင်းရန်၊ |
| ၅။ | လူငယ်များ သင်ယူလေ့လာ ရန် ကျေးရွာအတွင်း စာကြည့်တိုက် မရှိခြင်း | • ရန်ပုံငွေမရှိခြင်း<br>• ပြင်ပအလှူရှင်များ မရှိခြင်း | • စာကြည့်တိုက်တည် ဆောက်ရန်မြေနေရာ ရှိခြင်း၊<br>• စိတ်ပါဝင်စားမှုရှိသော လူဦးရေ များပြားခြင်း | • ရန်ပုံငွေနည်းပါးခြင်း<br>• ရန်ပုံငွေမရှာဖွေတတ်ခြင်း | • အလှူရှင်များရရှိရေးအတွက် ချိတ်ဆက်ဆောင်ရွက်ခြင်း၊<br>• စာကြည့်တိုက်ဖြစ်မြောက် ရေးကော်မတီဖွဲ့စည်း၍ ရန်ပုံငွေ ကြိုတင်စုဆောင်း ခြင်း၊ | • အလှူရှင်များရရှိရေး အတွက်ချိတ်ဆက်ဆောင် ရွက်ရန်၊<br>• စာကြည့်တိုက်ဖြစ်မြောက် ရေးကော်မတီဖွဲ့စည်း၍ ရန်ပုံငွေ ကြိုတင်စုဆောင်း ရန်၊<br>• စာကြည့်တိုက်တည် ဆောက် ရန်၊ |

## ဟသ်ာတမြို့နယ်၊ လယ်တီကျေးရွာအုပ်စု၊ အောက်ကျင်းကျေးရွာ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

| စဉ် | အမည် | အဘအမည် | မှတ်ပုံတင်အမှတ် | အသက် | တာဝန် | ဖုန်းနံပါတ် |
|---|---|---|---|---|---|---|
| ၁ | ဦးဇော်မင်းအောင် | ဦးတင်ဝင်း | ၁၄/ဟသတ(နိုင်) ၂၂၆၇၀၃ | ၃၈ | ဥက္ကဋ္ဌ | ၀၉-၄၂၂၇၀၂၂၃ |
| ၂ | ဦးဝင်းဇော်ဦး | ဦးမြင့်ခိုင် | ၁၄/ဟသတ(နိုင်) ၃၃၅၁၆၂ | ၂၇ | အတွင်းရေးမှူး | ၀၉-၂၅၀၄၉၉၃၃၉ |
| ၃ | ဦးဝင်းထွန်း | ဦးသိန်းရွှေ | ၁၄/ဟသတ(နိုင်) ၂၀၅၃၈၇ | ၄၅ | ဘဏ္ဍာရေးမှူး | ၀၉-၇၇၄၉၃၉၁၉၂ |
| ၄ | ဒေါ်လှတင့် | ဦးထွန်းရင် | - | ၆၀ | ငွေစာရင်းကိုင် | ၀၉-၇၇၈၄၁၉၇၂၉ |
| ၅ | ဦးခင်စိုး | ဦးသမောင် | ၁၄/ဟသတ(နိုင်) ၂၂၆၆၆၈ | ၄၇ | အဖွဲ့ဝင် | ၀၉-၉၆၃၅၃၉၄၃၉ |
| ၆ | ဒေါ်မော်မော်ခိုင် | ဦးတင်မြင့် | - | ၂၂ | အဖွဲ့ဝင် | ၀၉-၄၂၂၆၀၁၃၁၂ |
| ၇ | ဒေါ်စုစုအောင် | ဦးလှဦး | ၁၄/ဟသတ(နိုင်)၃၈၈၁၆၆ | ၂၃ | အဖွဲ့ဝင် | ၀၉-၉၅၇၂၆၆၇၁၂ |
| ၈ | ဦးထက်နိုင် | ဦးတင်ဝင်း | ၁၄/ဟသတ(နိုင်) ၂၀၃၈၀၃ | ၄၃ | အဖွဲ့ဝင် | ၀၉-၂၅၀၄၂၀၃၃၉ |
| ၉ | ဦးစိုးတင့် | ဦးမောင်နိုင် | ၁၄/ဟသတ(နိုင်) ၀၁၁၆၂၆ | ၆၀ | အဖွဲ့ဝင် | ၀၉-၇၉၉၀၉၃၇၂ |

## ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြုဇယားများ

### (၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

### (က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

**ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ**

| အသက်အုပ်စု | | ကျား | မ | စုစုပေါင်း | မသန်စွမ်းသူ အရေအတွက် | |
|---|---|---|---|---|---|---|
| | | | | | ကျား | မ |
| ၁ နှစ် အောက် | နို့စို့အရွယ် | ၃ | ၆ | ၉ | | |
| ၁ နှစ်မှ ၄ နှစ် | ၅နှစ်အောက်ကလေးငယ် | ၈ | ၆ | ၁၄ | | |
| ၅ နှစ်မှ ၉ နှစ် | မူလတန်းကျောင်းသားအရွယ် | ၁၁ | ၆ | ၁၇ | | |
| ၁၀ နှစ်မှ ၁၄ နှစ် | အလယ်တန်းကျောင်းသားအရွယ် | ၁၆ | ၁၀ | ၂၆ | | |
| ၁၅ နှစ်မှ ၆၄ နှစ် | အလုပ်လုပ်နိုင်သည့်အရွယ် | ၁၀၃ | ၁၁၅ | ၂၁၈ | | |
| ၆၅ နှစ် နှင့်အထက် | သက်ကြီးရွယ်ကြီး | ၁၄ | ၁၁ | ၂၅ | | |
| **စုစုပေါင်း** | | ၁၅၅ | ၁၅၄ | ၃၀၉ | | |
| **စုစုပေါင်းအိမ်ထောင်စု(၉၃)အိမ်ထောင်စု** | | ပျှမ်းမျှလူဦးရေ(၃.၃%) | | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ အသက်အုပ်စု ၁ နှစ်အောက်ဆိုသည်မှာ မွေးကင်းစမှ အသက် (၁) နှစ်မပြည့်မီအရွယ်၊ ၁ နှစ်မှ ၄ နှစ်ဆိုသည်မှာ အသက်(၁)နှစ်ပြည့်အရွယ်မှ (၅) နှစ်မပြည့်မီအရွယ်၊၅ နှစ်မှ ၉ နှစ်ဆိုသည်မှာ အသက်(၅)နှစ်ပြည့်သည်မှ အသက် (၁၀) နှစ်မပြည့်မီအရွယ်၊၁၀ နှစ်မှ ၁၄ နှစ်ဆိုသည်မှာ အသက်(၁၀)နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊၁၅ နှစ်မှ ၆၄ နှစ်ဆိုသည်မှာ အသက်(၁၅)နှစ်ပြည့်သည်မှ အသက် (၁၅) နှစ်မပြည့်မီအရွယ်၊ အသက်(၆၅)နှစ်နှင့်အထက် ဆိုသည်မှာ အသက် (၆၅) နှစ်ပြည့်အရွယ်နှင့် ၎င်းထက်အသက်ကြီးသည့်အရွယ်များကို ဆိုလိုသည်။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် (၁)နှစ်အောက်ကလေးများမှာ လူဦးရေ(၉)ဦးရှိပြီး (၅)နှစ်အောက်ကလေးများမှာ(၁၄)ဦးရှိပါသည်။ မူလတန်းကျောင်းနေအရွယ်ကလေး(၁၇)ဦးရှိပြီး အလယ်တန်းကျောင်းနေအရွယ်(၂၆)ဦးရှိသောကြောင့် အနာဂတ်ထူးချွန်လူငယ်များ ပေါ်ပေါက်လာနိုင်ပါသည်။ မိမိတို့ကျေးရွာအတွင်း အလုပ်လုပ်နိုင်သောလူဦးရေသည် သက်ကြီးရွယ်အိုလူဦးရေထက် များပြားသောကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို တိုးတက်အောင်မြင်အောင်လုပ်ဆောင်ရာတွင် ဖွံ့ဖြိုးမှုမြန်ဆန်ပါသည်။ ကျေးရွာ၏ပျှမ်းမျှလူဦးရေမှာ(၃.၃၂)ဖြစ်ပါသည်။

## (ခ) အလုပ်လုပ်နိုင်သူ အင်အား

## (ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား(၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်းအမျိုးအစား

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရ လုပ်ငန်းမဟုတ်သောအခြား ဝင်ငွေရလုပ်ငန်း အဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီးမှန်ရာ တစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| **စိုက်ပျိုးစီးပွား လုပ်ငန်းများ** | | | | | | | | |
| ၁ | **လယ်ယာစိုက်ပျိုးရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁၈ | ၃၃ | ၂ | ၂၅ | ၈ | ၉ | မြင့် ☐ လတ် ✔ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၉ | ၁၃ | - | ၁၁ | ၂ | - | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၂ | **တိရစ္ဆာန် မွေးမြူရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | ၅၅ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၃ | **ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၄ | **သစ်တောလုပ်ငန်း** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ ကျား | ဦးရေ မ | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ | | | | | | | | |
| ၅ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၆ | ထုတ်ကုန်လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | ၂ | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၇ | လျှပ်စစ်၊ ဓာတ်ငွေ့နှင့် ရေပေးဝေရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၈ | ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၃၂ | ၆၆ | - | ၃၃ | ၃၃ | - | မြင့် ☐ လတ် ✔ နိမ့် ☐ |
| ၉ | ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာဖတ်ပြီးမှန်ရာ တစ်ခုသာ ရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၀ | ကျွမ်းကျင်ပညာရှင်များ (ဆံပြင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၁ | လက်လီ-လက်ကား ရောင်းဝယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၂ | ၅ | - | ၂ | ၃ | - | မြင့် ✔ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၂ | ၄ | - | ၄ | - | - | မြင့် ☐ လတ် ☐ နိမ့် ✔ |
| ၁၂ | ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၃ | ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | ၁ | ၁ | - | ၁ | - | - | မြင့် ☐ လတ် ☐ နိမ့် ✔ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| ၁၄ | ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း) | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့် ☐ လတ် ☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၁၅ | **အိမ်ခြံမြေ၊ယာဉ်၊စက်ကိရိယာ၊ရောင်းဝယ်ငှားရမ်းခြင်းနှင့်ဆက်စပ်သောလုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | ၁ | ၂ | - | ၂ | - | - | မြင့်☐ လတ်✔ နိမ့် ☐ |
| ၁၆ | **ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ(အုပ်ချုပ်ရေး၊ကာကွယ်ရေးနှင့်ဘေးကင်းလုံခြုံရေး)** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| ၁၇ | **ပညာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့်☐ လတ်✔ နိမ့် ☐ |
| ၁၈ | **ကျန်းမာရေး** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့်☐လတ် ✔ နိမ့် ☐ |
| ၁၉ | **လူမှုရေးလုပ်ငန်းများ** | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ဝန်ထမ်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |

| စဉ် | လုပ်ငန်းများ | အဓိကအလုပ်အကိုင် | | | | | အဓိကဝင်ငွေရလုပ်ငန်းမဟုတ်သောအခြားဝင်ငွေရလုပ်ငန်းအဖြစ်လုပ်ကိုင်သူ(ဦးရေ) | ရပ်တည်နိုင်မှု (မှတ်ချက်ကိုသေချာစွာဖတ်ပြီးမှန်ရာတစ်ခုသာရွေးရန်။) |
|---|---|---|---|---|---|---|---|---|
| | | အိမ်ထောင်စု | မိသားစုဝင်လုပ်အား | အမျိုးသမီးဦးဆောင်သည့်အိမ်ထောင်စု | ဦးရေ | | | |
| | | | | | ကျား | မ | | |
| ၂၀ | အိမ်များတွင် အငှားလိုက်လုပ်သူများနှင့် အမျိုးအမည်မဖော်ပြနိုင်သောလုပ်ငန်းများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | X |
| | အလုပ်သမား/ ကျပန်း/ ရာသီအလိုက်အလုပ်သမား | ၂၈ | ၆၀ | ၅ | ၃၁ | ၂၉ | - | |
| ၂၁ | ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ | | | | | | | |
| | ကိုယ်ပိုင်လုပ်ငန်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | အလုပ်သမား/ ဝန်ထမ်း | - | - | - | - | - | - | မြင့်☐ လတ်☐ နိမ့် ☐ |
| | **စုစုပေါင်း** | ၉၃ | ၁၈၄ | ၇ | ၁၀၉ | ၇၅ | ၆၆ | x |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ “’

**“အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ”** အရေအတွက်တွင် မိသားစုဝင်လုပ်အား ထပ်မံထည့်သွင်းကောက်ယူခြင်း မပြုရပါ။ ရပ်တည်နိုင်မှု(နိမ့်၊ လတ်၊မြင့်) ဆိုသည်မှာ ဖော်ပြပါလုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ(သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူများအတွက် အခွင့်အလမ်းရရှိနိုင်မှုအခြေအနေကို ဆိုလိုပါသည်။ ဥပမာ- စိုက်ပျိုးရေး ကဏ္ဍ၏ ကိုယ်ပိုင်လုပ်ငန်းတွင် ရပ်တည်နိုင်မှု မြင့် ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်းတစ်ခုလုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

**လေ့လာတွေ့ရှိချက်။** ကျွန်တော်တို့ကျေးရွာတွင် အဓိကဝင်ငွေရလုပ်ငန်းများတွင် စိုက်ပျိုးရေးလုပ်ငန်း၌ ကိုယ်ပိုင်လုပ်ကိုင်သူအိမ်ထောင်စု(၁၈)စုရှိပြီး လယ်ယာလုပ်ငန်းနှင့် ခြံလုပ်ငန်းများကို တွဲဖက်လုပ်ကိုင်ကြပါသည်။ တစ်ပိုင်တစ်နိုင်မွေးမြူရေးလုပ်ငန်းကိုသာ ဆောင်ရွက်ကြပြီး စီးပွားဖြစ် မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ မရှိပါ။ ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ(၂)အိမ်ထောင်စုရှိပါသည်။ ဆောက်လုပ်ရေးလုပ်သားများနှင့် လက်သမား၊ပန်းရံလုပ်သားများလည်း ရှိပါသည်။ ကျန်အိမ်ထောင်စုများမှာ စိုက်ပျိုးရေးလုပ်ငန်းများတွင် ကျပန်းလုပ်သားများအဖြစ်လုပ်ကိုင်ကြပါသည်။

### (၁-၂) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား(၃) လုပ်ငန်းနှင့် ကျား၊မ အလိုက်အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

| စဉ် | အလုပ်အကိုင် | ရေတွက်ပုံ | အများဆုံး(ကျပ်) | | အနည်းဆုံး(ကျပ်) | |
|---|---|---|---|---|---|---|
| | | | ကျား | မ | ကျား | မ |
| ၁ | လယ်ယာစိုက်ပျိုးရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၂ | တိရိစ္ဆာန်မွေးမြူရေး | နေ့စား | - | - | - | - |
| ၃ | ငါးလုပ်ငန်း(ရေချို/ရေငန်ငါးဖမ်းခြင်း၊ မွေးမြူခြင်း) | နေ့စား | - | - | - | - |
| ၄ | သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း | နေ့စား | - | - | - | - |
| ၅ | ထုတ်ကုန်လုပ်ငန်း | နေ့စား | - | ၉၀၀၀ | - | ၇၀၀၀ |
| ၆ | ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံ လုပ်ငန်း | နေ့စား | ၇၀၀၀ | ၆၀၀၀ | ၄၀၀၀ | ၃၀၀၀ |
| ၇ | ယာဉ်၊စက်ကိရိယာ၊အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး | နေ့စား | - | - | - | - |
| ၈ | လက်လီ-လက်ကား ရောင်းဝယ်ရေး | နေ့စား | ၅၀၀၀ | ၄၀၀၀ | ၃၀၀၀ | ၂၀၀၀ |
| ၉ | ကျွမ်းကျင်ပညာရှင်များ(ဆံပင်အလှပြင်၊အပ်ချုပ်၊အင်ဂျင်နီယာ၊သင်တန်းပေးသူစသည်) | နေ့စား | - | - | - | - |
| ၁၀ | ဟိုတယ်နှင့်စားသောက်ဆိုင်လုပ်ငန်း | နေ့စား | - | - | - | - |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက် (၁) လခစားအလုပ်သမားများ၏ တစ်ရက်ဝင်ငွေ =(လစား÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏တစ်ရက်ဝင်ငွေ=(တစ်နာရီဝင်ငွေ× ၈)

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စိုက်ပျိုးရေးလုပ်ငန်းအတွက် အမျိုးသားများ၏ နေ့စားလုပ်အားခများမှာ (၅၀၀၀)ကျပ်မှ (၃၀၀၀)ကျပ်ရရှိပြီး အမျိုးသမီးများ၏လုပ်အားခများမှာ (၄၀၀၀) ကျပ်မှ (၂၅၀၀)ကျပ်ရရှိပါသည်။ ဆောက်လုပ်ရေး၊လက်သမား၊ပန်းရံလုပ်ငန်းများတွင် အမျိုးသားများ၏

နေ့စားလုပ်အားခမှာ (၇၀၀၀)ကျပ်မှ (၄၀၀၀)ကျပ်ရရှိပြီး အမျိုးသမီးများ၏နေ့စားလုပ်အား ခမှာ (၆၀၀၀)ကျပ်မှ (၃၀၀၀)ကျပ်ရရှိသဖြင့် အမျိုးသားနှင့်အမျိုးသမီးလုပ်အားခကွာခြားမှု ရှိသည်ကို တွေ့ရှိရပါသည်။

**(ဂ) သဘာဝအရင်းအမြစ်များ**

**(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ**

ဇယား(၄) ကျေးရွာ၏ စိုက်ပျိုးမြေပိုင်ဆိုင်မှု

| **မြေအမျိုးအစား** | **ဧရိယာ (ဧက)** | **မြေဆီလွှာ အရည်အသွေး** (မှန်ရာတစ်ခုကိုသာ ရွေးရန်) | | | | | |
|---|---|---|---|---|---|---|---|
| လယ်မြေ | ၉၆ | ကောင်း | ▢ | သင့် | ✔ | ညံ့ | ▢ |
| ယာမြေ/တောင်ယာမြေ | - | ကောင်း | ▢ | သင့် | ▢ | ညံ့ | ▢ |
| ဥယျာဉ်ခြံမြေ | ၄.၅၉ | ကောင်း | ▢ | သင့် | ✔ | ညံ့ | ▢ |
| ကိုင်း/ကျွန်းမြေ | ၂ | ကောင်း | ▢ | သင့် | ✔ | ညံ့ | ▢ |
| ဓနိတောမြေ | - | ကောင်း | ▢ | သင့် | ▢ | ညံ့ | ▢ |
| စားကျက်မြေ | | ကောင်း | ▢ | သင့် | ▢ | ညံ့ | ▢ |
| မြေလွတ်မြေလပ် | - | ကောင်း | ▢ | သင့် | ▢ | ညံ့ | ▢ |
| စုစုပေါင်း | **၁၀၂.၅၉** | | | x | | | |

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း၊ - လယ်သမားအုပ်စု၊ (၃)လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန ၊ (၄) ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် လယ်မြေ (၉၆)ဧကရှိပြီး မြေဆီလွှာအနေအထားမှာ အသင့်အတင့် ကောင်းမွန်ပါသည်။ ဥယျာဉ်ခြံမြေ (၄.၅၉)ဧကနှင့်ကိုင်းကျွန်းမြေ(၂ဧက)ရှိပြီး မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။

## (၈-၂) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ခေတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

| **အမျိုးအစား** | **ကျေးရွာနှင့်အနီးပတ်ဝန်းကျင်တွင်သဘာဝအတိုင်းတွေ့ရှိနိုင်မှု** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | အသုံးချနိုင်မှု (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ(မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
|---|---|---|---|
| သတ္တုနှင့်အခြားတွင်းထွက်သယံဇာတများ(ခေတ်ငွေ့၊ရေနံ၊ ကျောက်မျက် စသည်။) | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ကျောက်၊ သဲ၊ ကျောက်စရစ် စသည်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| သဘာဝအပင်မျိုးစိတ်များ (နွားစာ၊ဆေးဖက်ဝင်အပင်များ) | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သဘာဝတိရိစ္ဆာန်မျိုးစိတ်များ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | x | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| ရေ-မြေပေါ်ရေ (အင်း၊ အိုင်၊ကန်၊ချောင်း၊ မြစ်၊ စိမ့်စမ်း) | များ ☐ သင့် ☐ နည်း ✔ မရှိ ☐ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| ရေ-မြေအောက်ရေ (တွမ်းတိမ်၊ တွင်းနက်၊ လက်တူးတွင်း) | များ ☐ သင့် ✔ နည်း ☐ မရှိ | လွယ် ✔ ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ✔ တိုး ☐ အပြောင်းအလဲမရှိ ☐ |
| သစ်တော- အပူပိုင်းသစ်တော | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |
| သစ်တော- ဒီရေတောများ | များ ☐ သင့် ☐ နည်း ☐ မရှိ ✔ | လွယ် ☐ခက် ☐ အသုံးမပြုနိုင်ပါ ☐ | လျော့ ☐ တိုး ☐ အပြောင်းအလဲမရှိ ✔ |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျွန်တော်တို့ကျေးရွာတွင် သတ္တုနှင့်အခြားသဘာဝသယံဇာတများ ထွက်ရှိခြင်း မရှိပါ။ နွားစာနှင့်ဆေးဘက်ဝင်အပင်အချို့ကိုသာ အနည်းငယ်တွေ့ရှိရပါသည်။ သဘာဝတိရစ္ဆာန်မျိုးစိတ်များလည်း မရှိသလောက် နည်းပါးပါသည်။

## (ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

| အကြောင်းအရာ | သတ်မှတ်စံနှုန်း | | | |
|---|---|---|---|---|
| | **အဆင်ပြေသော အိမ်ထောင်စု** | **အလယ်အလတ် ရှိသော အိမ်ထောင်စု** | **မပြေလည်သော အိမ်ထောင်စု** | **အလွန် မပြေလည်သော အိမ်ထောင်စု** |
| မြေယာပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | အလွန်နည်း(သို့)မရှိ |
| အိမ်အခြေအနေ | အလွန်ကောင်း | အသင့်အတင့် ကောင်း | ညံ့ | အလွန်ညံ့ |
| ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သောပိုင်ဆိုင်မှု | များ | အသင့်အတင့် | နည်း | မရှိ |
| အဓိကစီးပွားရေး လုပ်ငန်း | စီးပွား(ဝင်ငွေ) အလွန်ကောင်း | စီးပွား(ဝင်ငွေ) အသင့်အတင့် | စီးပွား(ဝင်ငွေ) နည်း | စီးပွား(ဝင်ငွေ) အလွန်နည်း |
| အိမ်ထောင်စု | **၁၄(၁၁%)** | **၆(၂၆%)** | **၆၃(၁၆%)** | **၁၀(၄၇%)** |

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

**လေ့လာတွေ့ရှိချက်။** ။အောက်ကျင်းကျေးရွာ၏ ဥစ္စာဓနအဆင့်အခြေအနေမှာ အဆင်ပြေသော အိမ်ထောင်စု ၁၄(၁၅%)၊ အလယ်အလတ်ရှိသောအိမ်ထောင်စု ၆(၆.၅%)၊ ဆင်းရဲသောအိမ်ထောင်စု ၆၃(၆၇.၅%)၊ အလွန်ဆင်းရဲသောအိမ်ထောင်စု ၁၀(၁၁%) ရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ လေ့လာတွေ့ရှိချက်အရ ဆင်းရဲသောအိမ်ထောင်စုမှာ အများဆုံးရှိကြောင်းတွေ့ရှိရသဖြင့် စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်း လုပ်ငန်းများလည်း များစွာတိုးတက်မှုလိုအပ်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င)    ထိခိုက်လွယ်မှု

**(င-၁) ဝမ်းစာ ဖူလုံမှု**

ဇယား (၇) ဆင်းရဲသော အိမ်ထောင်စုများ၏ဝမ်းစာဖူလုံမှုအခြေအနေ (ဥစ္စာ ဓနအဆင့် '၃' နှင့် '၄' အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

| **အချိန်ကာလ** | **အိမ်ထောင်စု အရေအတွက်** | **အမျိုးသမီး ဦးဆောင်သော ဆင်းရဲသော အိမ်ထောင်စု အရေအတွက်** | **ဖြေရှင်းသည့်နည်းဗျူဟာ** (ဖြေရှင်းနည်းတစ်ခုစီအလိုက် အိမ်ထောင်စုအရေအတွက်များကိုဖော်ပြရန်) |
|---|---|---|---|
| ၃ လအောက် ဝမ်းစာဖူလုံမှု | ၅ | ၃ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၃ |
| ၃ လနှင့်၆လ ကြားဝမ်းစာ ဖူလုံမှု | ၅ | ၄ | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၂<br>လုပ်အားခကြိုယူ = ၃ |
| ၆လမှ၁၂လအထိ ဝမ်းစာဖူလုံမှု | ၁၁ | - | အခြားအစာပြောင်းလဲစား =<br>အစာလျှော့စား =<br>အထောက်အပံ့ယူ =<br>ချေးယူ = ၅<br>လုပ်အားခကြိုယူ = ၆ |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ ဥစ္စာဓနအဆင့် ၃ နှင့် ၄ အိမ်ထောင်စုများ၏ ၃၀%အဖြစ် အိမ်ထောင်စု (၂၁) စုကို တွေ့ဆုံလေ့လာဆန်းစစ်ခဲ့ရာတွင် ဝမ်းစာဖူလုံမှုသည် ၃ လအောက် (၅)စု၊ ၃လနှင့် ၆ လအထိ (၅)စု ရှိကြပါသည်။ ဝမ်းစာဖူလုံမှုမရှိသောအိမ်ထောင်စုများမှာ ချေးယူခြင်း၊ လုပ်အားခကြိုယူခြင်းတို့ဖြင့် ဖြေရှင်းနေကြရပါသည်။

## (င–၂) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား(၈) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

| အကြောင်းအရာ | ကျား | မ | ပေါင်း |
|---|---|---|---|
| မိသားစုစောင့်ရှောက်မှုမရှိသောသက်ကြီးရွယ်အို(၆၄)နှစ် နှင့်အထက် | ၁ | - | ၁ |
| မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ် | - | - | - |
| | **အိမ်ထောင်စုအရေအတွက်** | | |
| ဆင်းရဲ၍ မိသားစုဦးရေများသည့်အမျိုးသမီးဦးဆောင် အိမ်ထောင်စု | - | | |
| ဆင်းရဲ၍မိသားစုဦးရေများသည့်မုဆိုးဖို/တစ်ခုလပ် အိမ်ထောင်စု | - | | |
| အခြားဒေသသို့ ကြာမြင့်စွာသွားရောက်နေထိုင်လုပ်ကိုင် နေသည့်ဆင်းရဲသည့် အိမ်ထောင်စု | - | | |

ရင်းမြစ်.... ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို (၁)ဦး ရှိပြီး ရပ်ရွာမှ ဝိုင်းဝန်းစောင့်ရှောက်ကြပါသည်။ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သော မသန်စွမ်းသည့် ပုဂ္ဂိုလ်များမရှိကြောင်းတွေ့ရှိရပါသည်။

## (င–၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား(၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေနှင့် ဘေးအန္တရာယ်လျော့ချရေးအစီအမံများ

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁ | မြစ်ရေကြီးမှု | ✔ | | | ✔ | | |
| ၂ | လျှပ်တပြက်ရေကြီးခြင်း | ✔ | | | ✔ | | |
| ၃ | မုန်တိုင်းဒီရေ | ✔ | | | ✔ | | |
| ၄ | ဆူနာမီ | ✔ | | | ✔ | | |
| ၅ | တိုင်ဖုန်းမုန်တိုင်း | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှုအမျိုးအစား | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကိုသာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့် လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၆ | လေဆင်နှာမောင်း | ✔ | | | ✔ | | |
| ၇ | လျှော် | ✔ | | | ✔ | | |
| ၈ | အပူလှိုင်း | ✔ | | | ✔ | | |
| ၉ | စိုက်ပျိုးမြေများတွင် ရေငံဝင်ရောက်မှု | ✔ | | | ✔ | | |
| ၁၀ | အအေးလှိုင်း | ✔ | | | ✔ | | |
| ၁၁ | မိုးသီးကြွေကျမှု | ✔ | | | ✔ | | |
| ၁၂ | မိုးခေါင်ခြင်း | ✔ | | | ✔ | | |
| ၁၃ | တောမီးလောင်ခြင်း | ✔ | | | ✔ | | |
| ၁၄ | မြစ်ကမ်းပါးပြိုကျခြင်း | ✔ | | | ✔ | | |
| ၁၅ | ကမ်းရိုးတန်းတိုက်စားမှု | ✔ | | | ✔ | | |
| ၁၆ | မြေပြိုခြင်း | ✔ | | | ✔ | | |
| | **လူကြောင့်ဖြစ်တဲ့ဘေးအန္တရာယ်များ** | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၁၇ | စားနပ်ရိက္ခာမဖူလုံမှု | | ✔ | | ✔ | | |
| ၁၈ | သဘာဝရင်းမြစ်ရှားပါးမှု(မြေ၊ရေ) | ✔ | | | ✔ | | |
| ၁၉ | မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု | | ✔ | | ✔ | | |
| ၂၀ | သစ်တောပြုန်းတီးခြင်း | ✔ | | | ✔ | | |
| ၂၁ | ငှက်ဖျားရောဂါ | ✔ | | | ✔ | | |
| ၂၂ | တီဘီရောဂါ | ✔ | | | ✔ | | |
| ၂၃ | ကိုယ်ခံအားကျဆင်းမှုရောဂါ | ✔ | | | ✔ | | |
| ၂၄ | ကပ်ရောဂါ | ✔ | | | ✔ | | |
| ၂၅ | ပြည်တွင်းပဋိပက္ခ | ✔ | | | ✔ | | |
| ၂၆ | တိရိစ္ဆာန်ကူးဆက်ရောဂါကျရောက်မှု | ✔ | | | ✔ | | |
| ၂၇ | လူကုန်ကူးခြင်း | ✔ | | | ✔ | | |
| ၂၈ | ဝေးလံခေါင်သီ/လမ်းပန်းဆက်သွယ်ရေး ခက်ခဲစသည် | ✔ | | | ✔ | | |

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီးအုပ်စု၊ လူငယ်အုပ်စု၊

မှတ်ချက်။ ထိခိုက်သက်ရောက်လွယ်မှုဆိုရာ၌ ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်းစသည့်အခြေအနေများ ဖြစ်ပေါ်ခြင်းရှိပါက ယင်းဖြစ်စဉ်များအတွက် ကျေးရွာသူ/သားများ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက ကျေးရွာတွင် မည်သို့သော အိမ်ထောင်စုများနှင့် အိမ်ထောင်စုမည်မျှ ထိခိုက်သက်ရောက်မှုခံစားကြရပါသလဲ။ (ဥပမာ–

အိမ်ထောင်စု ၁၀၀ တွင် ၂၅ အိမ်ထောင်စုအောက်– နိမ့်

အိမ်ထောင်စု ၁၀၀ တွင် ၂၅မှ ၅၀ အိမ်ထောင်စုအောက်– ကြား

အိမ်ထောင်စု ၁၀၀ တွင် ၅၀ အိမ်ထောင်စုအထက်– မြင့်

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာတွင် စားနပ်ရိက္ခာမဖူလုံမှုပြဿနာသည် ဆင်းရဲသော အိမ်ထောင်စုများနှင့် လက်လုပ်လက်စားအိမ်ထောင်စုများတွင် အနည်းငယ်ရှိပါသည်။ စိုက်ပျိုးရေးလုပ်ငန်း များတွင် ဓာတုဓာတ်မြေဩဇာများကို အသုံးပြုခြင်းကြောင့် မြေဆီလွှာပျက်ယွင်းမှု အသင့်အတင့် ရှိပါသည်။ ကျန်သဘာဝဘေးအန္တရာယ်များ မရှိသလောက် နည်းပါးပါသည်။

## (င–၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစားများ | ထိခိုက်လွယ်မှုအခြေအနေ (မှန်ရာတစ်ခုကို သာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျော့နည်းရေးနှင့်လိုက်လျော ညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | **သဘာဝဘေးအန္တရာယ်များ** | **နိမ့်** | **လတ်** | **မြင့်** | **နိမ့်** | **လတ်** | **မြင့်** |
| ၁ | လူငယ် | ✔ | | | ✔ | | |
| ၂ | အမျိုးသမီးဦးဆောင်သည့်ဆင်းရဲသည့် အိမ်ထောင်စု | ✔ | | | ✔ | | |
| ၃ | ဆင်းရဲသောတောင်သူ | ✔ | | | ✔ | | |
| ၄ | သဘာဝဘေးဒဏ်ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ကူးဆက်ရောဂါထူပြောသောဒေသ တွင် နေထိုင်သူ | ✔ | | | ✔ | | |
| ၅ | ပင်လယ်/မြစ်ကမ်းဘေးနေထိုင်သူများ | ✔ | | | ✔ | | |
| ၆ | မတော်တဆမှု ဖြစ်နိုင်ခြေများသောနေရာ (Prone to accident) တွင်နေထိုင်သူများ | ✔ | | | ✔ | | |

| စဉ် | ထိခိုက်လွယ်မှု အမျိုးအစားများ | ထိခိုက်လွယ်မှု အခြေအနေ (မှန်ရာတစ်ခုကို သာရွေးရန်) | | | စွမ်းဆောင်နိုင်မှု (ထိခိုက်မှုလျှော့နည်းရေးနှင့်လိုက်လျောညီထွေဖြစ်စေမည့် အစီအမံများ | | |
|---|---|---|---|---|---|---|---|
| | သဘာဝဘေးအန္တရာယ်များ | နိမ့် | လတ် | မြင့် | နိမ့် | လတ် | မြင့် |
| ၇ | ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ(IDP) | ✔ | | | ✔ | | |
| ၈ | မြေနိမ့်ပိုင်းနေထိုင်သူများ | ✔ | | | ✔ | | |
| ၉ | ငါးကန်ပိုင်ရှင်များ | ✔ | | | ✔ | | |
| ၁၀ | လက်လုပ်လက်စားများ၊ ကျပန်းများ | | ✔ | | ✔ | | |
| ၁၁ | လူနည်းစုလူမျိုးများ | ✔ | | | ✔ | | |
| ၁၂ | ဒေသတွင်းပဋိပက္ခ ဇရိယာတွင်နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၃ | နယ်စပ်ဒေသတွင် နေထိုင်သူများ | ✔ | | | ✔ | | |
| ၁၄ | ရွှေတွင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၅ | လှည့်လည်သွားလာ၍ ဈေးရောင်းသူများ | ✔ | | | ✔ | | |
| ၁၆ | နေရပ်ပြန်အခြေချသူများ | ✔ | | | ✔ | | |
| ၁၇ | ရွှေ့ပြောင်းလုပ်သားများ | ✔ | | | ✔ | | |
| ၁၈ | ကားမောင်းပြီးအသက်မွေးသူများ | ✔ | | | ✔ | | |

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း– ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။ ကျေးရွာရှိ လူငယ်များ၊ အမျိုးသမီးဦးဆောင်သော အိမ်ထောင်စုများစသည်တို့သည် မည်သို့သော အခြေအနေများတွင် လွယ်လွယ်ကူကူ ထိခိုက်သက်ရောက်မှုရှိနိုင်ပါသလား။ ထိခိုက်မှုရှိပါက မည်မျှအထိ ထိခိုက်ကြပါသနည်း။

**လေ့လာတွေ့ရှိချက်။** ။ထိခိုက်သက်ရောက်မှုခံနိုင်သည့်သူများအတွက်အုပ်စုလိုက် ခွဲခြားသတ်မှတ်ရာတွင်လည်း ထိခိုက်သက်ရောက်မှုနည်းကြောင်း တွေ့ရှိရပါသည်။

## (၂) ကျေးရွာ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေ

## (က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

### (က-၁)ကျေးရွာအတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာအတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

| စဉ် | အဖွဲ့အစည်း အမည် | အမျိုးအစား (မှန်ရာတစ်ခု ကိုသာရွေးရန်) | အဖွဲ့ဝင်ဦးရေ | | | လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက်ရွေးနိုင်သည်) | စွမ်းဆောင်နိုင်မှု(မှန်ရာ တစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|
| | | | ကျား | မ | ပေါင်း | | |
| ၁ | အရန်မီးသတ်တပ်ဖွဲ့ | ၁ ▢၂ ✔၃ ▢ | ၃ | - | ၃ | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ✔ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၂ | အုပ်ချုပ်ရေးအဖွဲ့ | ၁ ▢၂ ▢၃▢ | ၈ | - | ၈ | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုး ရေး▢<br>လုံခြုံရေးနှင့်ကာကွယ်ရေး ✔ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၃ | အမျိုးသမီးရေးရာအဖွဲ့ | ၁ ▢၂ ✔၃ ▢ | - | ၃ | ၃ | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၄ | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ | ၁ ▢၂ ✔၃ ▢ | ၆ | ၃ | ၉ | ပညာရေး ▢ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |
| ၅ | မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့ | ၁ ▢၂ ✔၃ ▢ | - | ၃ | ၃ | ပညာရေး ▢ ငွေကြေး ▢<br>ကျန်းမာရေး ▢ ဘာသာရေး▢<br>စိုက်ပျိုးမွေးမြူရေး ▢<br>သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး✔<br>လုံခြုံရေးနှင့်ကာကွယ်ရေး ▢ | ကောင်း ▢<br>သင့် ✔<br>ညံ့ ▢ |

ရင်းမြစ် ... ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု၊ အမျိုးသမီးအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် ကျေးရွာလူထုအခြေပြုသည့် အဖွဲ့အစည်းများ (၅)ဖွဲ့ရှိပြီး အဖွဲ့အစည်းများ၏စွမ်းဆောင်ရည်မှာ အသင့်အတင့်ကောင်းမွန်၍ စည်းလုံးညီညွတ်ခြင်း၊ တရားမျှတခြင်းတို့ရှိပါသည်။ တစ်ဖွဲ့နှင့်တစ်ဖွဲ့ချိတ်ဆက်မှုအားကောင်းကြပြီး ကျေးရွာသားအများစုမှာလည်းစုပေါင်း လုပ်ကိုင်လိုစိတ်ရှိကြပါသည်။

**(က–၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ**

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

| စဉ် | အမည် | **အဖွဲ့အစည်းအမျိုးအစား**<br>(မှန်ရာတစ်ခုကိုသာရွေးရန်) | **အဖွဲ့အစည်း၏လုပ်ငန်းတာဝန်များနှင့်အစီအစဉ်**(အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်) |
|---|---|---|---|
| ၁ | စတာပါနာ | ၁☐ ၂ ☐ ၃☐ ၄☐ ၅☐ ၆ ☐ ၇ ✔ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ |
| ၂ | ဟေမာန် | ၁☐ ၂ ☐ ၃☐ ၄☐ ၅☐ ၆ ☐ ၇ ✔ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ |
| ၃ | ဖူလတန် | ၁☐ ၂ ☐ ၃☐ ၄☐ ၅☐ ၆ ☐ ၇ ✔ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ |
| ၄ | ပြည့်မဟာ | ၁☐ ၂ ☐ ၃☐ ၄☐ ၅☐ ၆ ☐ ၇ ✔ | ပညာရေး ☐ ငွေကြေး ✔<br>ကျန်းမာရေး ☐ဘာသာရေး ☐<br>စိုက်ပျိုးမွေးမြူရေး ☐<br>သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐<br>လုံခြုံရေးနှင့်ကာကွယ်ရေး ☐ |

ရင်းမြစ်...ဦးတည်အုပ်စုဆွေးနွေးခြင်း– ရပ်မိရပ်ဖအုပ်စု။

(၁) ဘာသာရေးနှင့် ပတ်သက်သော အဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ– ဓမ္မစကူးလ်ဖောင်ဒေးရှင်း၊ Christian Aid Missions စသည်)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း(ပြည်တွင်း/ပြည်ပ)(ဥပမာ– Care Internation, Save the Children, Gret,Pact Myanmar စသည်)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) နိုင်ငံအများ၏ ရန်ပုံငွေဖြင့် ဆောင်ရွက်သော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာ–ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာဘဏ်အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ (ဥပမာ_GIZ, UKAid, USAid,စသည်)

(၆) ပရဟိတအဖွဲ့(ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူအကျိုးကို ထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အလို့ငှာဥပဒေ၊နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ မြစိမ်းရောင် စသည်)တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်၊

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် ချေးငွေအဖွဲ့အစည်း(၅)ဖွဲ့ရှိပြီး ၄င်းတို့လုပ်ငန်းလည်ပတ်ရေးကို သာဆောင်ရွက်ကြပါသည်။

## (ခ) စီးပွားရေးနှင့်အသက်မွေးမှု အခြေအနေ

### (ခ-၁) သီးနှံထုတ်လုပ်ရေး

### (၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

| စဉ် | မြေပိုင်ဆိုင်မှုအရွယ်အစား | အိမ်ထောင်စု အရေအတွက် | အမျိုးသမီး ဦးဆောင်သည့် အိမ်ထောင်စု အရေအတွက် | ဖွံ့ဖြိုးရေးအမြင်သတ်မှတ်ချက် |
|---|---|---|---|---|
| ၁ | မြေယာမဲ့ | ၇၅ | ၆ | မြေမဲ့ယာမဲ့ |
| ၂ | ၂.၅ကေအောက် | ၆ | - | ဆင်းရဲသားတောင်သူ |
| ၃ | ၂.၅ကေမှ၅ကေကြား | ၂ | ၁ | တောင်သူငယ် |
| ၄ | ၅ကေမှ၁၂.၅ကေကြား | ၉ | - | တောင်သူလတ် |
| ၅ | ၁၂.၅ကေအထက် | ၁ | - | တောင်သူကြီး |
| ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း | | ၉၃ | ၇ | x |

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

**လေ့လာတွေ့ရှိချက်။** ။ကျေးရွာတွင် အိမ်ထောင်စုပေါင်း(၉၃)စုရှိသည့်အနက် စိုက်ပျိုးမြေ(၁၂.၅)ကေ အထက်ပိုင်ဆိုင်သောအိမ်ထောင်စု ၁ စု (၁%)၊ (၅)ကေမှ(၁၂.၅)ကေကြားပိုင်ဆိုင်သောအိမ်ထောင်စု ၉ စု (၁၀%)၊ (၂.၅)ကေမှ(၅)ကေကြားပိုင်ဆိုင်သောအိမ်ထောင်စု၂(၂%)၊ (၂.၅)ကေအောက်ပိုင်ဆိုင်သောအိမ်ထောင်စု၆စု (၆.၅%)နှင့် မြေယာမဲ့အိမ်ထောင်စု ၇၅(၈၀.၅%)ရှိပါသည်။ မြေယာမဲ့အိမ်ထောင်စုများကလည်း စိုက်ပျိုးရေးလုပ်ငန်းများအပေါ်မှီခိုကာ အလုပ်ကိုင်အသင့်အတင့်ရရှိကြပါသည်။

## (၂.၂.၁.၂) အစိုးရနှင့်ပုဂ္ဂလိကရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ

| စဉ် | ရင်းမြစ် | ရေသောက် (ဧက) | ရရှိနိုင်မှု | | |
|---|---|---|---|---|---|
| | | | **တစ်နှစ်ပတ်လုံး/ ရာသီအလိုက်** (မှန်ရာ <u>တစ်ခုကိုသာ</u>ရွေးရန်) | **လုံလောက်မှု (ရှိ/မရှိ)** (မှန်ရာ<u>တစ်ခုကိုသာ</u> ရွေးရန်) | **လွန်ခဲ့သော(၁၀)နှစ်က အခြေအနေ**(မှန်ရာ တစ်ခုကိုသာ ရွေးရန်) |
| ၁ | ဆည် | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |
| ၂ | ရေလွှဲဆည် | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |
| ၃ | မြစ်ရေတင် စီမံကိန်း | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |
| ၄ | ရေသွင်း မြောင်း | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |
| ၅ | အဝီစိတွင်း | ၄.၅၉ | တစ်နှစ်ပတ်လုံး ✔<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ✔ မရှိ ☐<br>မဖြေဆိုပါ | လျော့ ✔ တိုး ☐<br>အပြောင်းအလဲမရှိ☐ |
| ၆ | လက်ငင် ရေတွင်း | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |
| ၇ | စိမ့်စမ်းရေ | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |
| ၈ | ချောင်းရေ | - | တစ်နှစ်ပတ်လုံး ☐<br>ရာသီအလိုက် ☐<br>မဖြေဆိုပါ ☐ | ရှိ ☐ မရှိ ☐<br>မဖြေဆိုပါ ☐ | လျော့ ☐ တိုး ☐<br>အပြောင်းအလဲမရှိ ✔ |

ရင်းမြစ် … (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန။

**လေ့လာတွေ့ရှိချက်။** ။ကျွန်ုပ်တို့ကျေးရွာတွင် စိုက်ပျိုးမြေသည် လယ်မြေနှင့် ဥယျာဉ်ခြံမြေများဖြစ်ပြီး ဥယျာဉ်ခြံမြေ(၁၃.၈၆)ဧကမှာ ကိုယ်ပိုင်အငီစိတွင်းများကို အသုံးပြုကြပါသည်။ လယ်မြေများမှာ မိုးရေကိုသာ အဓိကအားထား စိုက်ပျိုးနေကြရပါသည်။

**(၃) အဓိကသီးနှံများနှင့်အထွက်နှုန်း**

ဇယား(၁၅) အဓိကသီးနှံများနှင့်အထွက်နှုန်း

| သီးနှံ | စုစုပေါင်း စိုက်ဧက | တစ်ဧက အထွက်နှုန်း | | | | သီးနှံ စိုက်ပျိုးသည့် ကာလ | | သွင်းအားစု လိုအပ်ချက် (မှန်ရာတစ်ခုကိုသာရွေးရန်) | အမြတ်ရရှိနိုင်မှု (မှန်ရာတစ်ခုကို သာရွေးရန်) | ထိခိုက်လွယ်မှု(မှန်ရာတစ်ခုကို သာရွေးရန်) |
|---|---|---|---|---|---|---|---|---|---|---|
| | | ယူနစ် | အနည်းဆုံး | အများဆုံး | ပျမ်းမျှ | မှ | ထိ | | | |
| စပါး | ၉၆ | တင်း | ၆၀ | ၈၀ | ၇၀ | မေ | အောက်တိုဘာ | မြင့် ☐ လတ် ✔ နိမ့် ☐ | မြင့် ☐ လတ် ✔ နိမ့် ☐ | မြင့်☐လတ်☐ နိမ့် ✔ |
| မတ်ပဲ | ၉၆ | တင်း | ၁၅ | ၂၀ | ၁၇.၅ | နိုဝင်ဘာ | မတ် | မြင့် ☐ လတ် ✔ နိမ့် ☐ | မြင့် ☐ လတ် ✔ နိမ့် ☐ | မြင့်☐လတ်☐ နိမ့် ✔ |
| ကွမ်း | ၄.၅၉ | ပိဿာ | ၁၀၀ | ၁၅၀ | ၁၂၅ | ဇွန် | ဖေဖော်ဝါရီ | မြင့် ✔ လတ် ☐ နိမ့် ☐ | မြင့်☐ လတ်☐ နိမ့် ✔ | မြင့်✔လတ်☐ နိမ့်☐ |

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ အဓိကစိုက်ပျိုးသီးနှံမှာ စပါးနှင့်ပဲဖြစ်ပါသည်။ စပါး(၁)ဧကလျှင် တင်း(၆၀)မှ တင်း(၈၀)အထိ ထွက်ရှိပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်မား၍ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ မတ်ပဲ (၁)ဧကလျှင် (၁၅)တင်းမှ (၁၅)တင်းအထိ ထွက်ရှိပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်၍ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။ ကွမ်း (၁)ဧကလျှင် (၁၀၀)ပိဿာမှ (၁၅၀)ပိဿာအထိ ထွက်ရှိပြီး သွင်းအားစုလိုအပ်ချက်မှာ မြင့်၍ အမြတ်ရရှိနိုင်မှုမှာ နိမ့်ပါသည်။

## (၄) လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

| စက်အမျိုးအစား | တစ်ဦးချင်း ပိုင် | ရွာပိုင် | အဖွဲ့ပိုင် | ငှားရမ်းလုပ်ကိုင်နေသော တောင်သူ အရေအတွက် |
|---|---|---|---|---|
| ထွန်စက် | ၇ | - | - | ၅ |
| လက်တွန်းထွန်စက် | - | - | - | - |
| အစေ့ချကိရိယာ | - | - | - | - |
| ရိတ်သိမ်းခြွေလှေ့စက် | - | - | - | ၁၂ |
| ရိတ်သိမ်းစက် | - | - | - | - |
| ခြွေလှေ့စက် | ၂ | - | - | ၁၀ |
| ရေစုပ်စက် | ၈ | - | - | ၃ |
| ခြေနင်းရေတင်စက် | - | - | - | - |
| မြက်ရိတ်စက် | ၄ | - | - | - |

ရင်းမြစ်… (၁) အိမ်ထောင်စုစာရင်းကောက်ယူမှု၊ (၂) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု။

**လေ့လာတွေ့ရှိချက်။** ။ ကျွန်တော်တို့ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများ ပိုင်ဆိုင်မှုမှာ နည်းပါးပါသည်။ ထွန်စက်(၁)စီး၊ ခြွေလှေ့စက်(၂)စီး၊ ရေစုပ်စက်(၈)လုံးနှင့် မြက်ရိတ်စက်(၄)ခုသာ ရှိပါသည်။ ကျန်တောင်သူ/လယ်သမားများမှာ လယ်ယာသုံးစက်ကိရိယာများမှာ ငှားရမ်းအသုံးပြုကြပါသည်။

**(၅) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ**

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

| **အခွင့်အလမ်း** | **ဖော်ပြချက်/ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသောအကွက်ကိုရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ ☐ |
| လယ်ယာမြေအသုံးချနိုင်မှု | အလွန်ကောင်း ☐ ကောင်း ☐ သင့်တင့်မျှတ ✔ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | ပေါများ ☐ အသင့်အတင့်ရှိ ✔ မဖြေဆိုပါ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာဝယ်ယူနိုင်သည် ☐<br>သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး/သြော်ဂဲနစ်မြေသြဇာနှင့်အခြားသြော်ဂဲနစ်သွင်းအားအုပ်စုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ☐ ဝယ်ယူရရှိနိုင်သည် ☐<br>မဖြေဆိုပါ ✔ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့် အခြားဓါတုဗေဒသွင်းအားစုများ | လွယ်ကူစွာဝယ်ယူ/ရနိုင်သည် ✔ ဝယ်ယူရရှိနိုင်သည် ☐<br>မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ | အလွယ်တကူရသည် ☐ ရနိုင်သည် ✔ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံများကိုလွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချနိုင်သည် ☐ သီးနှံများကိုရောင်းချနိုင်သည် ✔ မဖြေဆိုပါ ☐ |
| ရာသီဥတုအခြေအနေပြောင်းလဲမှု (အပူချိန်၊ မိုးရေချိန်) | ထိခိုက်သည် ✔ မထိခိုက်ပါ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်… (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း– လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

**လေ့လာတွေ့ရှိချက်။** ။ ကျေးရွာတွင် သီးနှံစိုက်ပျိုးထုတ်လုပ်ရန်အတွက် အခွင့်အလမ်းကောင်းများစွာ ရှိပါသည်။ သဘာဝရေမြေရာသီဥတုအနေအထားကောင်းမွန်ပြီး စိုက်ပျိုးမြေတိုးချဲ့ရန် မြေလွတ်မြေရိုင်းများ မရှိသော်လည်း လက်ရှိမြေယာတွင် ထုတ်လုပ်မှုတိုးမြှင့်နိုင်ပါသည်။

## (၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်အခက်အခဲများ

| ပြဿနာနှင့်အခက်အခဲများ | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံး<u>တစ်ခုနှင့်အထက်</u> ရွေးနိုင်သည်။ ဇယား(၁၇)နှင့်(၁၈)ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| သဘာဝရေမြေရာသီဥတုအနေအထား | မြေဆီသြဇာမကောင်း ☐ ရာသီဥတုမမှန် ☐ မဖြေဆိုပါ ✔ |
| လယ်ယာမြေအသုံးချနိုင်မှု | လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ✔<br>လယ်ယာမြေဆုံးရှုံးမှုများသည် ☐<br>လယ်ယာမြေဆုံးရှုံးမှုအသင့်အတင့်ရှိသည် ☐<br>ပလပ်မြေများရှိသည် ☐<br>ပလပ်မြေအသင့်အတင့်ရှိသည် ☐ မဖြေဆိုပါ ☐ |
| စိုက်ပျိုးရေအရင်းအမြစ် | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ချေးငွေနှင့်ငွေကြေးဝန်ဆောင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံမျိုးစေ့ရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သဘာဝမြေဆွေး/အော်ဂဲနစ်မြေသြဇာနှင့်အခြားအော်ဂဲနစ်သွင်းအားစုများ | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| ဓါတုပိုးသတ်ဆေး၊ ဓါတ်မြေသြဇာနှင့်အခြားဓါတုဗေဒသွင်းအားစုများ | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| လုပ်သားရရှိနိုင်မှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| နည်းပညာ၊ အုပ်ချုပ်ရေးပိုင်းဆိုင်ရာဝန်ဆောင်မှုများ | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |
| သီးနှံဈေးကွက်နှင့်ကုန်သွယ်မှု | သီးနှံဈေးကွက်များကို လွယ်ကူစွာနှင့်ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐ မဖြေဆိုပါ ✔ |
| ဖျက်ပိုးနှင့်ရောဂါကျရောက်မှု | ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ✔ အနည်းငယ် ☐ မဖြေဆိုပါ ☐ |
| ရာသီဥတုဒဏ်ခံနိုင်သည့်သီးနှံများနှင့်ပတ်သက်သော သတင်းအချက်အလက် လက်လှမ်းမီမှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |

| **ပြဿနာနှင့်အခက်အခဲများ** | **ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့်အထက် ရွေးနိုင်သည်။ ဇယား(၁၇)နှင့်(၁၈)ကိုချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ဖြေဆိုရန်မလိုအပ်ဟုယူဆသောအချက်များရှိပါက 'မဖြေဆိုပါ'ဟူသော အကွက်ကို ရွေးရန်။) |
|---|---|
| ရာသီအလိုက် ရာသီဥတုခန့်မှန်းချက်များနှင့် သီးနှံစီမံခန့်ခွဲမှုဆိုင်ရာ အကြံဉာဏ်များ လက်လှမ်းမီမှု | အလွယ်တကူမရနိုင် ✔ လုံးဝမရ ☐ မဖြေဆိုပါ ☐ |

ရင်းမြစ်...(၁) ဦးတည်အုပ်စုဆွေးနွေးခြင်း- လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး ဌာနများ။

